35 ၃၅။ ကျွန်တော် သင့်ကိုမေးလိုပါသည်။ ‘ယောဘ၀တ္ထုအခန်းကြီး ၁၇ တွင် ဘယ်သူဖြစ်ပါသနည်း။ အဲဒီမှာ ဘယ်သူဖြစ်ပါသလဲ…’ သူပြောခဲ့စဉ်အခါက၊ ‘ကမ႓ာလောက၌ ကျွန်တော်စတင်ခြေချစဉ်အချိန်က၊ သင်သည် မည်သူဖြစ်ပါသလဲ၊ မနက်ခင်း၏ကြယ်စင်တို့အတူတကွ ကြွေးကြော်မှုပြုစဉ်အခါက ဖြစ်ပါသည်။ ဘုရားသခင်၏သားတော်အနေဖြင့် ၀မ်းမြောက်ခြင်းအ ကြောင်း မည်သူက ကြွေးကြော်မှုပြုခဲ့ပါသနည်း။ ယေရှုသူတို့ကို ပြောသောအရာမှာ ’ဤလောကသို့ မကြွဆင်းမီကတည်းက ငါသည် သင်နှင့်အတူ၀မ်းမြောက်ခြင်းရှိ၏။ ‘ ဆိုသောအရာဖြစ်သည်။ ကျွန်တော်တို့ ဖန်ဆင်းခြင်း မခံရသေးသည့် အချိန်က တည်းကဖြစ်သည်။ ကျွန်ုပ်တို့သည် ထာ၀ရဖန်ဆင်းခံရသောသတ္တ၀ါများဖြစ်သည်။ ’ငါ့ကိုအမှီမပြု လျှင်၊ အဘယ်သူမျှ၊ ခမည်းတော်ထံသို့မရောက်၊ အရာအားလုံး ငါ့ထံသို့လာရမည်ဖြစ်၍၊ ငါသည် ထာ၀ရအသက်ကိုပေးပိုင် သောအရှင်ဖြစ်၏။ နောက်ဆုံးသောနေ့ရက်ကာလ၌ သူ့အားချီးမြှောက်မှုပြုမည်ဖြစ်သည်။ မည်သူမျှ ခမည်းတော်၏ လက်မှ ထိုသူတို့ကို နှုတ်ပယ်ခွင့်မရှိပေ။ ခမည်းတော်သည် သူတို့ထံသို့ ငါ့အားပေးသနားတော်မူခြင်းပေတည်း။ ‘ မည်သို့သင့်၌ ဆုံးရှုံးစရာအကြောင်းရှိပါမည် နည်း။ သိမြင်ရမည်မှာ၊ သင်ထိတ်လန့်နေသည်ဆိုသောအရာပင်ဖြစ်သည်။ သင်ကြောက်နေပါ သည်။ ဒီအနားတဝိုက် သင်ပြေးနေပါမည်။ ထိုအရာသည် လောကအတွက် အကောင်းဆုံး သက်သေသာဓက ပင်ဖြစ်သည်။ ထိုအရာသည် ယခုတိုင် သင်၌ ဘယ်နေရာတွင်မရှိသေးဆိုသောအရာမှာ မဟုတ်သေးပါ။ အဲဒါအမှန်ပဲဖြစ်ပါသည်။

36 ၃၆။ ကိုယ်တော်ဟာ ဘုရားဖြစ်တယ်ဆိုလျှင်၊ သင့်ကို အစဉ်အမြဲ မည်သို့ကယ်တင်နိုင်ပါမည်နည်း…ဤအသင်းတော်၌ သင်တို့၏လက်ကို မြှောက်ထားသူ ဘယ်နှယောက်လောက်ရှိနေပါသနည်း။ ဘုရားသခင်က ထာ၀ရတည်သည်ဆိုသောအရာကို ယုံကြည်ပါသလား။ ‘ထာ၀ရ’ ဆိုသောအဓိပ္ပာယ်ကို သင်သိပါသလား။ အဲဒါက ပြည့်စုံခြင်းပဲဖြစ်ပါသည်။ အဆုံးမဲ့သောအရာ- သင်မလုပ်နိုင်သော- ‘ထာ၀ရအဆုံးမဲ့’ ကို စကားလုံးဖြင့် သင်ရှင်းပြနိုင်မည် မဟုတ်ပါ။

သင် ကင်မရာကို အစဉ်အမြဲ ယူလာတတ်ပါသလား၊ အဲဒါနဲ့ ထာ၀ရတည်နိုင်ပါမည်လော။ အဘယ်ကြောင့်နည်းဆိုသော်၊ ထို အရာသည် ထို့နောက်တွင်ဆိုသော အဓိပ္ပာယ်ကိုဖြစ်ပေါ်စေပါသည်။ အမှန်ပဲဖြစ်တယ်၊ အဲဒါထက်ပို၍ ဘယ်လိုမှပစ်မှတ်ထား စရာအကြောင်းမရှိပါ။ ကောင်းပြီ၊ ဘုရားဆိုတာဘာလဲ၊ ဘုရားဆိုတာ အဆုံးမရှိခြင်းဖြစ်သည်။ ကိုယ်တော်သည် အဆုံးမရှိ ဘူးဆိုလျှင် ပိုးကောင်တစ်ကောင်လည်းရှိနိုင်မည် မဟုတ်ပါ။ သို့မဟုတ် ကမ္ဘာပေါ်မှာ ဘယ်အရာမှအစဉ်အမြဲတည်ရှိနိုင်မည် မဟုတ်ပါ။ ယင်ကောင်တကောင်၊ လေးတကောင်၊ ဖွတ်ကျားတကောင်၊ ဂျီကာ တကောင်လည်း ရှိလာမည်မဟုတ်ပါ။ သို့မ ဟုတ် အမြဲရှိလည်းရှိနိုင်ပါသည်။ သို့သော် ဘုရားသခင်သည် အမြဲတည်သော လောကသဏ္ဍာန်ကို မဖြစ်ပေါ်စေသော အချိန် ကတည်းက ထိုကိစ္စကို ဘုရားသခင်သိရှိပြီးဖြစ်ပါသည်။ ထိုအရာသည် ထာ၀ရတည်ခြင်းအကြောင်း၏ စိတ်ကူးအတွေး အခေါ်အချို့ပင်ဖြစ်သည်။

37 ၃၇။ အဲဒီနောက် ကောင်းလာပါပြီ၊ ထာ၀ရဘုရားသခင်သည် ဤနေရာရှိသင့်ကို ကယ်တင်မှုပြုပါသည်။ နောက်အပတ်မှာ ကိုယ်တော်သင့်ကိုဆုံးရှုံးရမည့်အကြောင်း သိခဲ့ရပါသည်။ သို့မဟုတ် နောက်လတွင်ဖြစ်ပါမည်။ ဒါမှမဟုတ်၊ နောက်နှစ်တွင် ရှိပါမည်။ အဘယ်ကြောင့်နည်း။ ကိုယ်တော်သည် အလွန်များသောရည်ရွယ်ချက်များကို အနိုင်ရခဲ့ခြင်းကြောင့်ဖြစ်သည်။ ကိုယ်တော် သင့်ကိုဆုံးရှုံးမခံနိုင်ပါ။ ‘ငါ့စကားကို ကြားနာ၍ ထာ၀ရအသက်ကိုရစေရန် ငါ့စေလွှတ်သောသူကို ယုံကြည်ရ မည်၊ ဘယ်သောအခါမှ တရားစီရင်ခြင်းကို မခံရစေရန်အလို့ငှာ၊ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်ရန်လုပ်ဆောင်ရ ပေမည်။’ အဲဒါကို မလုပ်ဆောင်နိုင်ပါ။ ကိုယ်တော်လည်း ပို၍မတတ်နိုင်တော့ပြီ… ကိုယ်တော်သည်ဘုရားဖြစ်တော်မူခြင်းကြောင့် အပြစ်ကိုလက်မခံပါ။ ကိုယ်တော်၌ ဘုရားဖြစ်တော်မူခြင်းကြောင့် အပြစ်ကိုလက်မခံပါ။ ကိုယ်တော်၌ ဘုရားသခင်၏ မျိုးစေ့ကို ချန်ထားခဲ့ပါသည်။ သူ့အပြစ်ကို မလုပ်နိုင်ပါ။ အပြစ်ထုပ်ဖို့ သူ့အားကမ်းလှမ်းမှုပြုစဉ်အခါ ကိုယ်တော်မည်သို့ ဆောင်ရွက်လို့ရပါမည်နည်း။ ကျွန်တော် ပြီးမြောက်သောကျန်းမာခြင်းကို ရစဉ်အခါ မည်သို့ ကျွန်ုပ်ဖျားနာလို့ရပါမည်နည်း။ ကျွန်တာ်၏မြင်နေရခြင်းကို အဘယ်သို့မမြင်မစမ်းဖြစ်အောင် ဆောင်ရွက်ရပါမည်နည်း။ အို၊ ကျွန်တော် တချိန်တည်းမှာ ကျွန်တော်အဆောက်အအုံအပြင်ဘက်၌ ရောက်နေစဉ်အခါ အဆောက်အဦးအတွင်း တပြိုင်နက်တည်း မည်သို့ရှိရပါမည် နည်း။ တချိန်တည်း တပြိုင်တည်း အရက်သောက်ခြင်းအသောက်ခြင်းကို သတ်မှတ်လို့ရပါမည်နည်း။ အဲဒီလို သင်မဆောင် ရွက်နိုင်ပါ။ သင်ကယ်တင်ခံရစဉ် သင်ဟာ အပြစ်ပြေရာပြေကြောင်း အောက်တွင်ရှိနေပါမည်။ သင်၏အပြစ်များက သင့်ကိုစွဲ ထင်တော့မည်မဟုတ်ပါ။

38 ၃၈။ ဒါဝိဒ် မပြောခဲ့သောအရာမှာ ‘ဘုရားသခင်ကောင်းချီးပေးသူသည် အပြစ်ကလက်ခံမှုပြုမည်မဟုတ်ပါ၊ အပြစ်က စွဲချက် တင်လို့ရမည်မဟုတ်ပါ။ ဤသို့သော ဖန်ဆင်းခြင်းကိုဆန့်ကျင်သည့်အပြစ်ဆိုသောအရာကို ဘုရားသခင်သည် ဆုပ်ကိုင်ထား မည်မဟုတ်ပါ။ အဲဒါအခိုင်အမာပဲဖြစ်တယ်။ ဖြောင့်မတ်ခြင်းအဖို့အလို့ငှာ ဘုရားသခင်သည်အပြစ်ကို လက်သင့်ခံမည်မဟုတ် ပါ။ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ကြိုတင်ခွဲခန့်မှတ်သားမှုကို တောက်လျှောက်ဆောင်ရွက်မှုပြုပါသည်။ ဘယ်အ ရာကိုမှ ပျက်စီးစေလိုသောဆန္ဒမရှိပါ။ သို့သော် နောင်တရခြင်းရှိရပါမည်။ သို့သော် ထာ၀ရတည်သောအရာ၌ ရှိရပါမည်။ ရောက်လာမည့်သူကိုသိရပါမည်။ မရောက်လာမည့်သူကိုလည်း သိရပါမည်။ ကိုယ်တော်သည အလိုရှိသောအရာကို အမှုပြု ရန် အရာအားလုံးကို ကြိုတင်ခွဲခန့်မှတ်သားထားပြီးဖြစ်သည်။

အကယ်၍ အဲဒါကို ကိုယ်တော်မဆောင်ရွက်ဘူးဆိုလျှင် အဘယ်ကြောင့် ကနဦးနေရာ၌ အပြစ်ကို ကယ်တင်ရှင်ကိုယ်တော်

ခွင့်ပြုပေးခဲ့ပါသနည်း။ ကိုယ်တော်သည် ကယ်တင်ရှင်ဖြစ်စဉ်အချိန်က.... အပြစ်သားတယောက်မှ ရှိမနေခဲ့ဘူးဆိုလျှင် ကိုယ် တော်လည်း ဘယ်တော့မှ ကယ်တင်ရှင်ဖြစ်လာတော့မည်မဟုတ်ပါ။ သဘောတရားအရာ ကိုယ်တော်နှင့်ကြားတွင်းရှိသော အရာကို ဘယ်လိုမျှ ဆွဲထုတ်လို့မရခြင်းဖြစ်သည်။

39 ၃၉။ ကိုယ်တော်သည အစဉ်အမြဲအဘယ်သို့အနာရောဂါငြိမ်းစေသူ ဖြစ်လာရပါသနည်း။ အဘယ်သို့ ကိုယ်တော်သည် အစဉ် သဖြင့် အနာရောဂါပျောက်ကင်းသူ ဖြစ်လာရပါသလဲ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် မမာမကျန်းခြင်းကို အခွင့် ပေးခြင်းကြောင့်ဖြစ်သည်။ ကိုယ်တော်ကိုယ်၌ကိုက သူကိုယ်သူ အနာရောဂါပျောက်ကင်းစေသူအဖြစ် ဖော်ပြမှုပြုခြင်းကြောင့် ဖြစ်သည်။ ကိုယ်တော်သည် အနာရောဂါငြိမ်းစေသူဖြစ်သည်။ ကိုယ်တော်မည်သို့ အစဉ်အမြဲသိမြင်တော်မူပါမည်နည်း။ မည် သို့ ကိုယ်တော်အစဉ်သဖြင့် သိမြင်တော်မူပါမည်းနည်း။ ကိုယ်တော်ပိုင်သော အစွမ်းအစဖြင့် အစဉ်အမြဲမည်သို့ဆောင် ရွက်ပါမည်နည်း။ အစဉ်သဖြင့် ကိုယ်တော်ဟာ မည်သို့မည်ပုံအနာရောဂါငြိမ်းစေသူတဦးအနေဖြင့် တည်ရှိနေပါမည်နည်း။ အကယ်၍ ဘယ်တော့မှနာဖျားခြင်းမရှိဘူးဆိုလျှင် ဖြစ်သည်။ ကိုယ်တော်သည် နာဖျားခြင်းကို အခွင့်ပေးပါသည်။ ရောမ အခန်းကြီး ၈ တွင် ပေါလုပြောထားသောအရာမှာ အံ့ဩစရာမရှိပေ။ 'ရှုးနှမ်းသောသူက၊ ပြောနိုင်ပါသည်- ဟိုစပ်စပ်၊ သည်စပ်စပ်နှင့် ထိုကိစ္စကို မည်သို့လုပ်ဆောင်ပါမည်းနည်း။' ရွံ့စေးမြေတို့က ထမြောက်ပြီး ပြောပါလိမ့်မည်။ 'အဘယ် ကြောင့် ကျွန်တော်ကို လုပ်ဆောင်ပါသနည်း- ဤသို့ကျွန်တော်ကို - ဒါကြောင့် တူညီသော ရည်ရွယ်ချက်အတွက် ကိုယ်တော် ဖာရောဘုရင်ကို မထမြောက်စေခဲ့ပါ။ ကိုယ်တော်၏ဘုန်းတော် အီဂျစ်ပြည်၌ ကျဆုံးကြောင်း ကိုယ်တော်ပြ ကောင်းပြနိုင်ခဲ့ပါ သည်။ ကိုယ်တော်၏ခက်ထန်မာကြောမှုသည် ကိုယ်တော်ကို ဖြစ်လာစေပါသည်။ ကိုယ်တော်သည် တရားမျှတခြင်းအ ကြောင်းပင်တည်း။ ကိုယ်တော်မှာ အလိုရှိသောအရာမရှိပေ၊ ကိုယ်တော်မှာ ပြေးလွှားနေရခြင်းမရှိပါ။ သို့သော် ဘုရားသခင်သည် ဂရုဏာကိုထင်ရှားစွာပြတော်မူ၏။ ဒါကြောင့် ထိုအရာနှင့်အတူ သင်ဘာမှလုပ်ဆောင်ရမည့်အရာ မရှိပါ။ သင်တစုံတခုကို ဆောင်ရွက်ဖို့လည်း မရှိပါ။ အကယ်၍ ထိုအရာမှာ ကျေးဇူးတော်ဖြစ်မည်ဆိုပါက၊ ထိုအရာသည် မေတ္တာလက်ဆောင်ဖြစ်မည်ဆိုပါက ထိုကိစ္စ၌ သင်ဆောင်ရွက်နိုင်သောကိစ္စ တခုမှမရှိပေ။ ဘုရားသခင်သည် သင့်အား ဆက်ဆက်ပေးသနားတော်မူခြင်းဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်သင့်ကို ကြိုတင်ခွဲခန့်မှတ်သားထားသောအရာပင်ဖြစ်သည်။

40 ၄၀။ သမ္မာကျမ်းစာက မိန့်တော်မူသောအရာမှာ ကျွန်ုပ်တို့သည်သားများအဖြစ် ဤကမ္ဘာလောက၌ခြေမချမှီအချိန်ကတည်းက ဘုရားသခင်၏သားများအဖြစ် မွေးစားခြင်းခံရကြောင်းကို ဖော်ပြထားပါသည်။ ပြီးတော့ ဘုရားသခင်သည် ဤလောကသို့ ကြွဆင်းတော်မမူမှီကတည်းက သူ၏ကိုယ်ပိုင်စိတ်ကူး၌ သိုးသူငယ်ကို သတ်ဖြတ်မှုပြုစဉ်အခါ သူ၏ပင်ကိုယ်အသွေးအရောင် ကို သက်သေပြခဲ့ပြီးပါပြီ ကိုယ်တော်သည် မည်သို့ဖြစ်သည်ဆိုသောအကြောင်းကိုဖြစ်သည်။ သိုးသူငယ်ကို သုတ်သင်စဉ်အ ခါက ဖြစ်သည်။ ထိုအရာနှင့်အတူ ကျွန်ုပ်တို့သတ်ဖြတ်ကြပါသည်။ လောက၌ အခြေမချမှီကတည်းက ကိုယ်တော်သည်သူ၏ ကိုယ်ပိုင်စိတ်ကူး၌ သိုးသူငယ်၏အသွေးကို ဖမ်းချုပ်မှုပြုခဲ့ပါသည်။ ထို့နောက်တွင် ကျွန်ုပ်ပိုင်သော ကျွန်ုပ်၏အမည်နာမကို အသက်စာစောင်၌ ရေးသွင်းလိုက်ပြီဖြစ်သည်။ အလုံးစုံသောအရာလည်း ကိုယ်တော်၏ကြီးမြတ်သော စဉ်းစားခြင်း၌တည် တော်မူ၏။ ကိုယ်တော်သည် အဆုံးမရှိသောအရာဖြစ်သည်။ အကယ်၍ ကိုယ်တော်အဲဒီလိုမဆောင်ရွက်ဘူးဆိုလျှင်၊ ထိုအ ရာကို အဘယ်ကြောင့် သူခွင့်ပြုခဲ့ပါသနည်း။

41 ၄၁။ ထိုအရာသည် အနိုင်ခံသောအရာဖြစ်သည်။ ကျွန်တော်ပြောခဲ့သလို၊ ကယ်တင်ရှင်လား၊ အပြစ်သားပေလော။ အဲဒီအရာ က အနိုင်ခံဆုံးသောအရာမဟုတ်ဘူးလား။ ထို့ပြင် သန်မာသောအရာသည်ချိနဲ့ခြင်းကို အခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ကိုယ်တော် သည် သူ၏ဘုန်းတော်ထင်ရှားရန်အတွက် အမှုပြုတော်မူခြင်းဖြစ်သည်။

ကိုယ်တော် လုစီဖာကို ဖန်ဆင်းစဉ်အခါ မကောင်းသောကိစ္စတွေရှိလာမည်ကို သူသိရှိခဲ့ပါသည်။ ကိုယ်တော်သည် ကယ်တင် ရှင်တယောက်ဖြစ်ကြောင်း ဖော်ပြရန်အတွက် ထိုကိစ္စကိုခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ခရစ်တော်အားဖြင့်ဖြစ်ပါသည်။ ကိုယ်တော် သည် ထိုလမ်းကြောင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။ ယခု သမ္မာကျမ်းစာက ဘုရားသခင်၏မေတ္တာတော်သည် သူတို့ကောင်းဖို့ရာ အရာအားလုံးကို အတူတကွ လုပ်ဆောင်မှုပြုသည်ဟုဖော်ပြထားခြင်းမရှိပါ။ ဒါကြောင့် သင် ဘာကိုကြောကနေပါသနည်း။ ကျွန်ုပ်တို့ တက်ကြပါစို့။ နှလုံးသားထဲတွင် မည်သို့သော ခိုက်ရန်ဒေါသဖြစ်စေမည့်ကိစ္စကို လုပ်ဆောင်ခြင်းမရှိပါ။ ဆွံ့အနေ သော ကျွဲနွားတို့ကို မောင်းနှင်နေသလိုမျိုးမဟုတ်ပါ။ တောင်းခံခြင်း၊ ယုံကြည်လက်ခံစေခြင်းသာဖြစ်ပါသည်။ သူရဲကောင်း တယောက်လိုဖြစ်ပါသည်။ ထိုအရာကို ကျွန်ုပ်ကြိုက်နှစ်သက်ပါသည်။ မတ်တပ်ရပ်ပါ။

42 ၄၂။ ကဗျာလေးတပုဒ်ဖြစ်တယ်၊ ကျွန်တော်ငယ်စဉ်က၊ ထိုကဗျာလေးက ကျွန်ုပ်တော်ကိုအများကြီး အကူအညီပေးခဲ့ပါသည်။ ဤအရာက တစုံတရာဆီသို့ သွားသလိုမျိုးဖြစ်ပါသည်။

အထက်တန်းစာ ရောမနိုင်ငံပေတည်း။

ရောမအင်ပါယာခေတ်ကလာဖြစ်သည်။

သူရဘောကြောင်သည့် အသံခပ်အက်အက်နှင့်လူတယောက်အကြောင်း ကြားဖူးခဲ့ရပါသည်။

ရဲတိုက်မရှိစဉ်က ပြောခဲ့ခြင်းဖြစ်သည်။

အို ထင်ရှုးပင်ကဲ့သို့သောအရာကို ကာကွယ်ပေးနိုင်ခဲ့ပါသည်။

မည်သမျှ ထိုသစ်ပင်ကို မလှုပ်ခတ်နိုင်ခဲ့ပါ။

အို မဟုတ်ဘူး သူရဲကောင်းလို ဆိုရပေမည်။

ကျွန်တော် လမ်းကြောင်းတခု ရှာပါမည်၊ ဒါမှမဟုတ် ထွင်ပါမည်။

အဲဒါတင်ပဲဖြစ်တယ်၊ အဲဒါအမှန်ပဲဖြစ်တယ်။

43 ၄၃။ သမ္မာကျမ်းစာက ယေရှုခရစ်တော် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲကြောင်းကို သင်ကြားမှုပြုပါသည်.... အဲဒါဟာ လွယ်တဲ့အရာတော့မဟုတ်ပါ။ ထိုနေ့ရက်က ကျွန်တော် ဗိမာန်တော်မှ ထွက်ခွာလစဉ်အခါ လူတိုင်းက ဟိုလို၊ ဒီလိုဖြစ်မည် ဟု ပြောခဲ့ကြပါသည်။ သင်စဉ်းစားရမည့်အရာမှာ အယူသည်းခြင်းကို ထောင်ထဲသို့လွှင့်ပစ်ရမည်ဆိုသောအရာပင်တည်း။ ဆေးပညာပိုင်းဆိုင်ရာ အစုအဖွဲ့တွေအားလုံးက သင့်ကိုဆန့်ကျင်မှုပြုပါမည်။ သို့သော် ဘုရားသခင်က ထိုသို့ပြုရန် မိန့်တော် မူပါသည်။ ကိုယ်တော်ဖြစ်ကြောင်း သမ္မာကျမ်းစာက မိန့်တော်မူပါသည်။ ကောင်းကင်အောက်၌ရှိသော နိုင်ငံတိုင်း ယခုပြန် လည်နိုးထ၍လောင်ကျွမ်းမှုပြုကြပြီဖြစ်သည်။ အဲဒါအမှန်ပဲဖြစ်တယ်။ ထိုကိစ္စအတွက် မတ်တပ်ရပ်လိုက်ပါ။

နေ့စဉ်နေ့တိုင်း သင်အလုပ်ကို သင်မည်သို့ ကိုင်တွယ်ဖြေရှင်းပါသနည်း။

သင်ရှာဖွေနေသော အလုပ်၏ကြောက်စရာကောင်းသောအရာ သင်၌ရှိပါလား။

သင်ဦးစီးဦးရွက်ပြုရာ လုပ်ငန်း၌ သင်မှန်ကန်စွာ ရပ်တည်နိုင်ပါမည်လော။

သင်မောပန်းနွမ်းနယ်လျက်၊ စိတ်တွင်အလွတ်ဖြစ်နေပါသလား၊ (ပြွတ်သိပ်နေခြင်းကို ကျွန်တော်မှန်းပါသည်။)

သို့မဟုတ် သင်ဦးစီးဦးရွက်ပြုရာ လုပ်ငန်း၌ သင်တည့်တည့်မတ်မတ်ဆောင်ရွက်နိုင်ပါမည်လော။

သို့မဟုတ် ထိုအရာမှ သင်ထွက်ပြေးချင်လောက်အောင်အမြဲ ကြောက်နေရပါသလား။

အဲဒါကြောင့် အကယ်၍ နောက်ပိုင်း သင်ရှာတွေ့သောအရာကို ကိုင်တွယ်ဖြေရှင်းမှုပြုရပါမည်။ သင်လုပ်ဆောင်ရမည့်ကိစ္စကို စဉ်းစားရပါမည်။ ထိုအရာ၌တည်နေပါ၊ သေချာစွာတည်နေပါ၊ ဒံယေလကို သင်နှဘုံးသား၌ ရည်ရွယ်ချက်ထားရှိရပါမည်။ ဘုရားသခင်၌တည်နေပါ။

44 ၄၄။ ဤသို့ဖြစ်ပျက်နေသော ကိစ္စအားလုံးသည် မည်သည့်နေရာပေါ်တွင် ရှိနေပါသလဲ။ ဘယ်လို ဖြစ်ပျက်ပါသလဲ။ ဒါကြောင့် လူတွေ ဘယ်လိုဆောင်ရွက်ပါသနည်း။ ဘာကြောင့် ကျွန်ုပ်တို့ ထိုအရာကို ဖျက်ဆီးဖို့ အဆင်သင့်ဖြစ်နေရပါသ နည်း။ ဘုရားသာဘုရမ်ဟမ် ကျွန်တော်ကို ရှင်းပြပေးပါ။ သင်၏စဉ်းစားခြင်း၌ ဤအရာအားလုံးကို သုတ်သင်ပယ်ရှင်းဖို့ရာ၊ မည်သို့ဆောင်ရွက်မှုပြုပါမည်နည်း။ ရေလွှမ်းမိုးခြင်းဖြင့် ပျက်ဆီးမှုမပြုမီကတည်းက တကြိမ်တခါက သုတ်သင်ပယ်ရှင်းခြင်း ကို ခံခဲ့ရဖူးပါသည်။ (အဲဒါအမှန်ပဲမဟုတ်လား။) (ယခု ဒီနေရာကို အချို့နက်နဲသောအရောက်များရောက်လာပါသည်။ ကျွန်ုပ် တို့ ဖတ်ရန် အဆင်သင့်ပင်ဖြစ်သည်။

45 ၄၅။ ယခု ကျွန်တော်နှင့်အတူ သင့်ကို ကမ္ဘာဦးကျမ်း ၊ အခန်းကြီး(၃)ကို ပြန်လှန်စေလိုပါသည်။ သင်ဘာမှမသိဘူးဆိုလျှင်၊ ကမ္ဘာဦးကျမ်း၌ရှိသော အလုံးစုံသောယုံကြည်ကိုးကွယ်မှုများအကြောင်း သင့်ကို ပြသပါမည်။ အရာအားလုံးကို ယနေ့ ကျွန်တော်တို့ အမှန်ပဲရရှိပြီဖြစ်သည်။ ကမ္ဘာဦးကျမ်းက အစပြုပါသည်။ ‘ကမ္ဘာဦးကျမ်း’ ဟူသည်၊ ‘အစအဦး’ဖြစ်သည် ဆိုခြင်းကို မည်မျှလောက် သိရှိခဲ့ဖူးကြပါသနည်း။ အသေအချာပဲဖြစ်သည်။ ကနဦးကယ်သိုလစ်အသင်းတော်ကို ကျွန်ုပ်တို့ ရှာဖွေခဲ့ကြပါသည်။ ဗာဗုလုန်၊ နင်ရုဒ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၏အလယ်ပိုင်းတွင် ကျွန်ုပ်တို့တွေ့မြင်နိုင်ပါ သည်။ ထိုအရာကို သမ္မာကျမ်းစာ၏အဆုံးတွင် ကျွန်ုပ်တို့တွေ့နိုင်ပါသည်။ ကျွန်ုပ်တို့ ရှာဖွေမှုပြုပါသည်။ သမ္မာကျမ်းစာအစ ပိုင်းတွင် သစ်ပင်အမြစ်တို့ကို ရုပ်တုပုံစံစီမံ၍ ဝတ်ပြုကိုးကွယ်မှုပြုခဲ့သောကိစ္စကို၊ အမျိုးသမီး တရားဟောဆရာမထံသို့ ကြိုး စား၍ ဆောင်ယူမှုပြုပါမည်။ ဗာဗုလုန်အကြောင်းရေးသည့် သမိုင်းဆရာဟစ်စလော့ ရေးသားသည့် ‘ဗာဗုလုန်မြို့နှစ်မြို့’အ ကြောင်း မည်မျှလောက်ဖတ်ခဲ့ဖူးပါသနည်း။ သမိုင်းအကြောင်းကို ဖြစ်သည်။ အမှန်ပဲဖြစ်သည်။ သူတို့ဆီက အမျိုးသမီးတ ယောက်က ဤသမိုင်းကြောင်းတွေကို ရှာဖွေတွေ့ရှိခဲ့ပါသည်.... ပြီးတော့ ယာကုပ် သူ့အဖေ၏ဘုရားကိုပင် ခိုးသည့်ကိစ္စကို သင်အမှတ်ရရပါမည်။ သူ့သမီးကလည်း သူ့ကိုယ်အောက်မှာ ထိုအရာတွေကို ဝှက်ထားခဲ့ပါသည်။ တောကန္တာရမှ ထွက်ခွာစဉ် အခါ ထိုအရာတွေကို ယူလာခဲ့ပါသည်။ မကြာမီ လိင်တူဆက်ဆံခြင်းဖြင့် ညစ်ညမ်းမှုပြုကြပါသည်။

46 ၄၆။ အားလုံးအမှန်ပဲဖြစ်တယ်။ ယခု ကမ္ဘာဦးကျမ်းကို ဖတ်ကြပါစို့။

ယခု သားရဲလောကတွင် မြွေဆိုးသည် ပိုမိုပရိယာယ်များသော သတ္တဝါအဖြစ် ဘုရားသခင်ထာဝရဘုရား စီရင်ပြုပြင်တော်မူ ၏။ သူက လူမိန်းမကို ပြောပါသည်။ ဟဲ့ ဘုရားသခင်က ပြောတယ်လေ၊ ဥယျာဉ်ထဲက အပင်တိုင်းကို မစားရဘူးလို့ ပြောတယ်မဟုတ်လား။ လူမိန်းမက မြွေကိုပြောပြတယ်၊ ကျွန်ုပ်တို့ဟာ ဥယျာဉ်ထဲက သစ်ပင်တို့၏အသစ်ကိုစားခွင့်ရှိပါတယ်။ ဒါပေမယ့် ဥယျာဉ်အလယ်က သစ်ပင်ရဲ့အသီးကိုတော့ စားလို့မရဟု ဘုရားသခင်မိန့်တော်မူခဲ့ပါသည်။ အဲဒီအပင်က အသီး ကိုတာ့စားလို့မရပါ ထိလို့လည်းမရပါ။ အကယ်၍ အဲဒီလိုတွေ စားမယ်၊ ထိမယ်ဆိုရင်၊ သင်သေရမှာပဲဖြစ်တယ်။

မြွေဆိုးကလည်း မိန်းမကိုပြောပြန်တယ်၊ သင်အမှန်သေရမယ်ဆိုတာ မဟုတ်ဘူး။ သင်တို့အဲဒါကိုစားတဲ့နေ့မှာ ဘုရားသခင် လည်းသိမယ် ပြီးတော့ သင်တို့မျက်စိလည်းပွင့်လာမယ်.. (သိမြင်ပါသလား။ အသစ်သော အလင်းရောင်ကိုရှာဖွေကြရပါ မည်) ....... သင်တို့ ဘုရားလိုဖြစ်လာမှာ ကောင်းမကောင်းကိုလည်း သိလာမှာဖြစ်တယ်။

47 ၄၇။ သိမြင်ရမည်မှာ ဤနောက်လိုက်များသည် ယနေ့သမ္မာကျမ်းစာမှဝေးရာဆီသို့ မည်သို့မည်ပုံကြိုးစား၍ ထုတ်နုတ်မှုပြုနေကြပါသနည်း။ 'အဘယ်ကြောင့်နည်း။ အဲဒီဟာကို ယခုလောင်ချဖို့မလွယ်ကူပါ။ သို့မဟုတ် ဖြန်းလို့လည်းမလွယ်ပါ။ သို့မဟုတ် ထိုနည်းလမ်းသည် လွယ်ကူမှုမရှိပါ။ မဟုတ်သေးဘူး၊ ဆရာရေ။ ဘုရားသခင်က အစီအစဉ်တခုကို ချပေးတော်မူ ပါတယ်။ ထိုအရာကတော့ ကျွန်ုပ်တို့ဟာ နောက်လိုက်များကို ထောက်ပံ့ပေးဖို့ပဲဖြစ်ပါတယ်။ ဤအရာဟာ၊ အစားအတွက် မိန်းမဟာ ထိုသစ်ပင်ကို မြင်သောအခါ မျက်စိထဲမှာ သိပ်ကိုပသာဒရှိလှပါသည်။ ပြီးတော့ သစ်ပင်တပင်ကို လုပ်ပါတော့သည်။ တခုသော ဥ◌ာဏ်ပညာကို အလိုရှိခြင်းကြောင့်ပေတည်း။ သူမဟာ အသီးကိုခူးလိုက်ပါတယ်။ ပြီးတော့ စားတယ် သူ့ယောက်ျားကိုပေးပြီးအတူစားတယ်။ ပြီးတော့ လူယောက်ျားလည်း သေရပါတော့သည်။ သူတို့တွေရဲ့ မျက်စိတွေပွင့်သွားကြပါသည်။ သူတို့သိလာတယ်...လူတို့ဝတ်လစ်စားလစ် ဖြစ်နေခြင်းကို ဖြစ်သည်။ သူတို့ အတူတကွ သဖန်းရွက်တွေကို ချုပ်ဝတ်မှုပြုကြပါသည်။ သူတို့ ရှေ့ဖုံးလေးအဖြစ် ပြုလုပ်စီမံကြပါသည်။

48 ၄၈။ ဒီနေရာမှာ ကျွန်တော် မိနစ်အနည်းငယ် ရပ်ထားလိုပါသည်။ ယခု အရာအာလုံးအစပြုပြီဖြစ်သည်။ ယခု၊ ကျွန်တော်-ဒီနှစ်အတွင်းပြီးခဲ့တဲ့ အစည်းအဝေးပွဲနှစ်ခုမှာ ကျွန်တော်တို့ဆွေးနွေးခဲ့သည့်အကြောင်းအရာပေါ်တွင် အရာအားလုံးကိုအခြေခံပြောကြားလိုပါသည်။ ယခု ဒီမနက်ခင်း ပြန်လှည့်ခဲ့ကြပါသည်။ သမ္မကျမ်းစာထဲတွင် ဘုရားသခင်က ကမ္ဘာလောကကြီးကို ဖန်ဆင်းခဲ့သည်ဆိုသောဇာတ်လမ်း ဖြစ်ပါသည်။ အဲဒီအချိန်က ဘုရားသခင်ဟာ ဓါတ်ငွေ့တွေကို ဖန်ဆင်းခဲ့ပါတယ်။ (ပြီးတော့ အဲဒီဓါတ်ငွေ့တွေဟာ ကယ်စီယမ်၊ ပိုတက်စီယမ်၊ စသည်ဖြင့် ခြားနားသာဓါတ်ငွေ့တွေ ဖြစ်လာခဲ့ပါသည်။) ဘုရားသခင်ဟာ သင်ခန္ဓာကိုယ်ကို ဖန်ဆင်းမှုပြုပါသည်။ ဆောက်လုပ်သူတို့၏အကြီးမြတ်ဆုံးသောသခင်အဖြစ်၊ ထိုအ ဆောက်အဦးတို့၏အထက်၌ လဲလျောင်းတော်မူ၏။ အိမ်ဆောက်လုပ်ငန်း စီမံခန့်ခွဲသူအဖြစ် သူဆောက်လုပ်သောထို တန်ဆာပလာများပေါ်တွင် လဲလျောင်းတော်မူပါသည်။ ကိုယ်တော်၏စိတ်၌ သူဘာလုပ်မည်ဆိုသောအရာကိုအတိအကျ သိ မြင်တော်မူပါသည်။ ဤလက်ကို... ကိုယ်တော်မတိုင်ခင်က ဤလက်ကိုဘုရားသခင် ဖန်ဆင်းတော်မူပါသည်- ကမ္ဘာလောက ကို ဖန်ဆင်းတော်မမူမှီအချိန်ကတည်းက ဘုရားသခင် ကျွန်ုပ်၏ဝိညာဉ်ကို ဖန်ဆင်းထားခဲ့ပြီးဖြစ်သည်။ ယခု သို့သော် ဤလက်၊ ဤကိုယ်ခန္ဓာကို၊ ကိုယ်တော်ဤလောကကို ဖန်ဆင်းနေချိန်မှစ၍ စီရင်ပြုပြင်တော်မူခြင်းဖြစ်သည်။ 'အကြောင်းက တော့ ဤကိုယ်ခန္ဓာသည် ကမ္ဘာမြေကြီးမှ ဖေါ်ထုတ်လာသောကြောင့်ဖြစ်သည်။ ကမ္ဘာမြေကြီးဆီသို့ ပြန်ကြရပါမည်။ ထိုသို့ ဘုရားသခင်ဖန်ဆင်းမှုပြုခဲ့ပါသည်။ ကိုယ်တော်သည် သူ၏ကြီးမြတ်သော နမူနာပုံစံ၊ သူ၏အစီအစဉ်များဖြင့် အလုံးစုံသော အရာတို့ကို ဖြစ်ပေါ်စေ၍ ထိုအရာများပေါ်၌ တည်ရှိနေတော်မူ၏။ ယခု ကမ္ဘာမြေကြီးကို ကိုယ်တော်ဖန်ဆင်းကတည်းက လူတို့လည်း ဖန်ဆင်းမှုပြုခဲ့ပါသည်။ လူကတော့ အဲဒီအမှန်တရားကို မမြင်ရပါဘူး။

49 ၄၉။ ယခု ဟိုမနက်ခင်း ဒီမနက်ခင်းတို့တွင် ကျွန်ုပ်တို့ရှိနေကြခြင်းဖြစ်ပါသည်။ ဇာတ်ကြောင်းများပေါ်တွင် လျှောက်လှမ်းခဲ့ရ ပါသည်။ ဘယ်လိုလဲဆိုရင်- ခမည်းတော်ဘုရားကြွလာတော်မူ၍ သူ၏ပုံသဏ္ဍာန်နှင့်တူသောလူသားကိုလာရောက်ကြည့်ရှု တော်မူခဲ့ပါသည်။ ရှေ့ဆက်ပါသည်။ ပြီးတော့ သူ့အတွက်ဇနီးမယားကို ဖန်ဆင်းပေးခဲ့ပါသည်။ အထောက်အမအနေဖြင့် ဖြစ်သည်။

ယခု အမှတ်ရ ရမည်မှာ ဤကမ္ဘာလောကတခုလုံးကို ဖန်ဆင်းတော်မူခြင်းဖြစ်သည်။ အာဒံဟူသောအမည်ကိုပေးပါ၏။ သူကတော့-ကျွဲနွား၊တိရစ္ဆာန်၊ သားယဉ်၊ သားရဲအားလုံးကို အုပ်ချုပ်ရသူဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့၏လူသားဆဲလ်များအ ကြောင်းလေ့လာသူတို့သည် -ခမ်းနားကြီးကျယ်၍ ကွဲပြားသော သိပ္ပံပညာ၏စိတ်ဝိညာဉ်ဖြင့် လွန်ခဲ့သော နှစ်ဖ၀ဂ၀က ကွင်း ဆက်ပျက်ခဲ့သည့်ကိစ္စကို ကြိုးစားရှာဖွေမှုပြုကြပါသည်။ ထိုသတ္တဝါက အဘယ်ကြောင့်နည်း... လူသည် အသက်ရှိသော သတ္တဝါဖြစ်သည်။ ကျွန်ုပ်တို့ အဲဒါကို သိကြပါတယ်။ ထိုသို့ ကျွန်ုပ်တို့ပြုကြပါတယ်... မိန်းမသည် လူယောကျ်ား၏ အစိတ်အ ပိုင်းဖြစ်သည်။ ကိုယ်ခွဲတခုဖြစ်သည်။ လူမိန်းမသည် မူကနဦး ဖန်ဆင်းခံရခြင်းမဟုတ်ပါ။ ဘုရားသခင်သည် တနှစ်ပြီး တနှစ်ဖန်ဆင်းခြင်းကို ဆောင်ရွက်တော်မူ၏။ ဘုရားသခင်သည် လူမိန်းမကို လူယောကျ်ား၏နံရိုးမှ ထုတ်၍ ဖန်ဆင်းခြင်းဖြစ် သည်။

50 ၅၀။ အလုံးစုံသောဖန်ဆင်းခြင်းပြီးနောက် အာဒံဟုအမည်ပေးခြင်း ခံရပါသည်။ အရာအားလုံးကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ သို့သော် သူ့ဟာသူတယောက်ထဲနေခြင်းသည် ဘာအဓိပ္ပာယ်မှမရှိပါဘူး။ ဒါကြောင့် ကိုယ်တော်က သူကိုအထောက်အမ ဖန်ဆင်းပေးခဲ့ပါသည်။ သူ့နံဘေးမှ နံရိုးကိုထုတ်ယူလိုက်ပါသည်။ ခုတ်ထစ်ပြီးတော့ ပြန်ပိတ်လိုက်ပါသည်။ သူအတွက် အထောက်အမကို ဖန်ဆင်းပေးခဲ့ပါသည်။ လူယောကျ်ားနှင့်လူမိန်းနှစ်ဦးစလုံးတွင် ဝိညာဉ်ရှိပါသည်။ ပြီးတော့ လူမိန်းမသည် လူယောကျ်ား၏တစိတ်တဒေသဖြစ်သည်။ ယောကျ်ားကိုယ်၌ကလည်း မိန်းမတယောက်ကိုယူပါသည်။ သူ့ရဲ့ဇနီးမယား အမှန်ဖြစ်မည်ဆိုလျှင် ဘုရားသခင်ပေးသနားတော်မူသောဇနီးမယားဖြစ်မယ်ဆိုရင် အဲဒီမိန်းမဟာ ထိုယောကျ်ား၏တစိတ်တ ပိုင်းဖြစ်ပါသည်။

ထိုအရာ၏အကြောင်းပြချက်အနေဖြင့် သင်၏လက်ထက်ထမ်းမြားခြင်းကိစ္စ၌ များစွာသောစောင့်ထိန်းအပ်သည် ကိုယ်ကျင့်သိက္ခာများပါလာပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အပြင်ထွက်တဲ့အခါ လှပသောမျက်လုံးအညိုနှင့်မိန်းခ လေး မျက်လုံးအပြာနှင့်မိန်းခလေး အဲဒီလိုမျိုး တမျိုးမျိုးတဖုံဖုံနှင့် လှပနေသော ရုပ်သွင်ပြင်ရှိသော မိန်းခလေးတို့ထံမှ ကျဆုံး ကြရပါသည်။ စစချင်း သူမပထမဦးဆုံးသော ကလေးလေးရလာချိန်မှာ သွားဖြီး၍ရယ်နိုင်ပါဦးမည်။ နောက်တော့ ရွတ်တွ၍ သူမအိုလာပါမည်။ နောက်ကျရင်တော့ သူမကို သင်ရန်ဖြစ်ချင်လာပါတော့မည်။ သင်တို့ တချို့မိန်းခလေးတွေဟာ မျက်စိကျ လောက်အောင် ပြင်ဆင်ထားသည် အချို့ယောကျ်ားငယ်ငယ်လေးတွေကို ရှာဖွေကြပါသည်။ သူမိခင်၏အထင်ကြီးအောင် ပြောသောစကား၌ တဝက်လောက်ကျသွားပါသည်။ အခွေလိုက်အပုံလိုက် ပျော်ကျသွားပါမည်။ အဲဒီလိုအတွေ့အကြုံမျိုး ကျွန်တော်သိပါတယ်။ သို့သော် ဘာဖြစ်လာပါသလဲ။ အဲဒါကဘာလဲ၊ ထိုကိစ္စပေါ်မှာ သင်တို့လည်းကျဆုံပါမည်။ ပထမဦးဆုံး သင်တို့ဟာ ဆုတောင်းသင့်တာပေါ့။ 'အကြောင်းကတော့ မိန်းမဆိုသည် လူယောကျ်ား၏အစိတ်အပိုင်းဖြစ်သောကြောင့်ပင် တည်း' အကယ်၍ သင့်ရင်ခွင်၌ အမျိုးသမီးတဦးကို ပွေ့ဖက်ထားမယ်ဆိုပါက သင့်ဇနီးမယားအဖြစ် သိမ်းပိုက်မည်ဆိုပါက သင့်ရဲ့အမှတ်အသားက သူမအပေါ်မှာ စွဲထင်နေမည်ဖြစ်သည်၊..... (ကျွန်ုပ်တို့ ဤသို့ပြောခြင်းကို သင်နားလည်လာပါလိမ့် မည်။) အဲဒီရင်ခွင်ကြီးက အခြားမည်သည့် မိန်းမမျိုးကိုမဆို ဆန့်ကျင်လျက် အထာကနေရာပေးရမည်မဟုတ်တော့ပါ။

ထိုအရာသည် ထုတ်နုတ်လိုက်ခြင်းဖြစ်ပါသည်။ ထိုအရာအတွက် သင်၏တာဝန်ခံမှုကို ဘုရားသခင်သည် ဆုပ်ကိုင်ထားတော် မူ၏။ ထိုကိစ္စကို သင်အမှတ်ရရပါမည်။

51 ၅၁။ သင်ဟာ အခြားသူတယောက်၏ဇနီးမယားတယောက်ကို အပြင်ခေါ်ထုတ်သွားပါမည်။.... ကျွန်တော် ယနေ့ ဒီမြို့၊ ဒီနေရာမှာ မိန်းမငယ်တယောက်အကြောင်း ကြားခဲ့ရပါသည်။ အရမ်းချို့တဲ့ဆင်းရဲလှပါသည်။ သူ့ကို ကျွန်တော် သိပါတယ်။ အချို့လောင်းကစားသမားတွေက သူမအတွက် အကောင်းမွန်ဆုံးသော အကြီးမားဆုံးသော အဝတ်အစားလှလှ အဆင်တန် ဆာတို့ကို ဝယ်ပေးကြပါသည်။ အဲဒီလိုမျိုး သူမကို ကစားဖို့ရန် ကြိုးစားခြင်းပင်ဖြစ်ပါသည်။ အဲဒီလိုကိစ္စကို ကြွက်လိုလူမျိုးက ဆောင်ရွက်ပါမည်။ လူသားတယောက်အနေဖြင့်တော့ ထိုကဲ့သို့ စဉ်းစားမှုပြုနိုင်မည်မဟုတ်ပါ။ ခွေးသည်ပင် ထိုသို့နှိမ့်ကျမည် မဟုတ်ကြောင်း သင်သိပါတယ်။ ယခုပင် သင်သည် ခွေးမကြီးကို မိန်းမပျက်ဟုခေါ်ဆိုနေပါသေးသည်။ ထိုခွေးမကြီးသည် ဂျက်ဖာဆင်ဖေးမှ အမျိုးသမီးများထက် ကိုယ်ကျင့်တရားကောင်းနေပါသေးသည်။ အမေဂဂကြီးကို သင်က ဝက်မကြီးဟု ခေါ် ပါမည်။ သူမက အဲဒီလိုတော့မဟုတ်ပါ- ပြီးတော့ သူမရဲ့အကျင့်စာရိတ္တက ပိုကောင်းပါသေးသည်- ဤအမေရိကက အမျိုးသ မီးတွေထက် ပိုကောင်းပါသည်။ သူတို့အားလုံးထက်ပိုပါသည်။ အဲဒါကတော့ လုံးဝမှန်သောအရာပင်ဖြစ်သည်။

ယခု ထိုဝတဲ့အကြောင်းကို ကျွန်တော်သိပါသည်။ ကျွန်တော် သင့်ကိုပြောပြပါမည်။ အိမ်မှာ ကျွန်တော် ကြိတ်ချေမှုကိုပြုပါ သည်။ အဲဒီကိစ္စကို ကျွန်တော် သင့်ကိုသိစေလိုပါတယ်။ အဲဒါအမှန်ပဲဖြစ်တယ်။ ယနေ့ခေတ်ကာလ အသက်ကြီးသောအမျိုး သမီးကြီးများပင် အဲဒီလိုအကျင့်မျိုးသည် မည်သို့မည်ပုံဖြစ်သည်ကို သိရှိကြမည် မဟုတ်ပါ။ ‘ထိုကိစ္စက ကျွန်တော်၏ဝိညာဉ် ကိုနာကျင်စေမည် မဟုတ်ပါ’ ဟုပြောခဲ့ပါသည်။ ကောင်းပြီးဘယ်လိုမှ သင်မှာရှိလာမှာ မဟုတ်ပါဘူး။ သတိပြုပါ၊ ဟုတ်ကဲ့ပါ၊ ဆရာရေ။ ဘင်ဟာမှားတယ်၊ ဘယ်ဟာမှန်တယ်ဆိုတာ သင်သိလာသောအချိန်တွင်ဖြစ်သည်။

52 ၅၂။ ယခု သတိပြုပါ ဤလူသည် ဖန်ဆင်းခြင်းကိုခံရပါသည်။ ဘုရားသခင်သည် လူ၏ဝိညာဉ်ကို ခွဲထုတ်လိုက်ပါသည်။ ကိုယ်တော်သည် လူသားကို တတုံးတတုံးချင်းဖြစ်အောင်စီမံပါသည်။ သူ့အားနံရိုးမှ လူမိန်းမကို ဖန်ဆင်းမှုပြုပါသည်။ ပြီးတော့ ကိုယ်တော်ဟာ မသတ္တဝါဖြစ်စေခဲ့ပါသည်။ အကောင်းကြိုက်သောလူသား၏ဝိညာဉ်ဖြစ်ပါသည်။ ထိုအရာမှ မိန်းမကို ထုတ်ယူခြင်းဖြစ်သည်။ ဘုရားသခင်သည် တုတ်ခိုင်သန်မာတဲ့ယောကျ်ားကိုလည်း ဖန်ဆင်းမှုပြုပါသည်။ အဲဒါကို သင်မြင်တဲ့ အခါ- ယောကျ်ားငယ်တယောက်ကိုဖြစ်သည်။ အဲဒါသင်သိပါတယ်၊ လက်သီးထိုးခြင်းကို ဖြစ်သည်။ (အဲဒါကို ဘယ်လိုခေါ် ခေါ်ရပါတယ်။) သူ့ရဲ့လက်သည်းခွံတွေကို သင်သိပါတယ်။ တဖက်မှာလေးခု၊ နောက်တဖက်မျာ ငါးခုကို ဆုပ်ထားခြင်းဖြစ် သည်။ သူ့ဆံပင်ကိုသေသပ်လှပအောင် ပြုလုပ်ထားပါသည်။ အရှေ့မှာ သူ့ပါးစပ်ကိုဖွင့်၍ ကိုင်ထားပါမည်။ (ရှေ့ကလူကို စကားဖြင့်ချုပ်ထားခြင်း) တုတ်တုတ်ခိုင်ခိုင်ကြီးပေါ့။ တကယ်ကြည့်ကောင်းတဲ့ယောကျ်ားများပင်ဖြစ်သည်။ ညီမတို့ ယခု သင် တို့ အမှတ်ရ ရမည်မှာ သူ့မျက်လုံးတွေက သူ့ကို စူးစူးရဲရဲကြီးကို ကြည့်နေပါတော့သည်။

53 ၅၃။ အမျိုးသမီးတစ်ယောက် သူ့ပါးစပ်ဖျားမှာ စီးကရက် ခဲထားတာကို သင်မြင်သောအခါ အပေါ်ဝတ်ရုံ ကုတ်အင်္ကျီကို လည်း ဝတ်ထားပါသည်။ ‘ကျွန်တော် သင့်ကို ကျရှုံးသူဟု ခေါ်ပါမည်။’ အဲဒါ ဘာဖြစ်လို့လဲ? ‘သင်အဲဒီမိန်းမအိုကို ကြည့်နေ ပါသည်။ သူမမှာ တစ်စုံတစ်ခု မှားယွင်းနေပါသည်။ မိန်းမတစ်ယောက်က မိန်းမတစ်ယောက်ကို ကြောထောက် နောက်ခံ ပြုထားခြင်းဖြစ်သည်။ အမျိုးသမီးတစ်ယောက်ကို ဆင်ယင်ထုံးဖွဲ့နိုင်ဖို့ရာ ထောက်ပံ့ထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူယောကျ်ားကို ဖန်ဆင်းစဉ်အခါ ကိုယ်တော် သူ၌တစ်ခုတည်းကိုသာ ဆောင်ရွက်ပါသည်။ မိန်းမကိုလည်း ကိုယ်တော် အဲဒီ လိုပဲ ဆောင်ရွက်ပါသည်။ ဘုရားသခင် လူယောကျ်ားကို ဆင်မြန်းမှုပြုသောအခါ နည်းလမ်းတစ်ခုဖြင့် ဆင်မြန်းမှု ပြုပါသည်။ လူမိန်းမကိုလည်း ဒီလိုဘဲ ဖြစ်ပါသည်။ သမ္မာကျမ်းစာ မိန့်တော်မူသည်မှာ မိန်းမတစ်ယောက်၏ စက်ဆုပ်ရွံရှာဖွယ်ရာ ဆင်ယင်ထုံးဖွဲ့မှုသည် လူယောကျ်ားတစ်ယောက်နှင့် နီးနွယ်ပတ်သက်မှု ရှိသည်ဆိုခြင်းဖြစ်သည်။

54 ၅၄။ သင်တို့အမျိုးသမီးများသည် ဤသို့သော ဘောင်းဘီအဟောင်းမျိုးစုံကို စုဆောင်းထားရှိပါသည်။ ဤနေရာကို ဝတ်လာ ကြပါသည်။ နည်းနည်းဟောင်းပါတယ် (အဲဒါတွေကို သင်တို့ဘယ်လိုခေါ်လဲ)နီကာဘိုတာလား....ဒါမှမဟုတ်ဘယ်လိုခေါ်လဲ။ အဲဒါဘယ်လိုခေါ်လဲ ညီမရေ မဟုတ်ဘူး မဟုတ်သေးဘူး အတိုမဟုတ်ဘူးနော် အဲဒါကလေ အရှည်ပဲနော် သူတို့ဥပဒေမဲ့ ခိုးရောင်းရတဲ့ အထည်တွေလေ ရင်ပတ်နှင့်တဆက်တည်းသော ဘောင်းဘီအရှည်တွေ သူတို့ပြောခဲ့ပါသည်။ ‘ဒီဟာတွေက အမျိုးသမီးတွေအတွက် ဖြစ်တယ် လို့။’

ကျွန်တော်ပြောခဲ့ပါတယ်။ ‘မဟုတ်ဘူး သင်မှားနေတယ် ဤသို့သောအရာတွေကို အမျိုးသမီးတွေမဝတ်ဘူး အမျိုးသမီးတွေ ဟာ သို့သော် အမျိုးသမီးတွေ အဲဒီလိုမလုပ်ပါဘူး။’

အဲဒါအမှန်ပဲ ဖြစ်တယ်။ သမ္မာကျမ်းစာက အမျိုးသမီးတယောက်အတွက် စက်ဆုပ်ရွံရှာဖွယ်ရာ ဝတ်စားဆင်ယင်မှုကို မိန့် တော်မူခဲ့ပါသည်။....လူယောကျ်ားတွေဟာလည်း နေ့စဉ်နေ့တိုင်း မိန်းမလျာလိုဖြစ်လာကြပါသည်။ မိန်းမတွေဟာလည်း ယောကျ်ားပိုဆန် လာကြပါတယ်။ အဲဒါဘာဖြစ်ပါသလဲ။ (မိနစ်အနည်းငယ်လောက် ကျွန်တော်တို့သမ္မာကျမ်းစာ၌ ရှာဖွေမှုပြု ပါမည်။) မိန်းမဟာ မိန်းမဖြစ်ခြင်းတက်မပိုနိုင်ပါ။ ကျွန်တော်ခရစ်ယာန်အမျိုးသမီးတွေကို မဆိုလိုပါဘူး။ ကျွန်တော်ယေဘုယ ရုပ်ပြေးနေတဲ့အရာ တွေကိုသာ ပြောပါမည်။ သူတို့ဟာ ယောကျ်ားလို ဆောင်ရွက်လိုပါတယ်။ ယောကျ်ားဆံပင်ပုံမျိုး ညှပ် လိုကြပါသည်။ အဲဒီလို အရက်ဆိုင်မှာ သူတို့၏ လက်တွေကို တင်ပြီး သီချင်းဆိုကြပါတယ်။ ‘ဘုရားသခင် အမေရိကန်ကို ကောင်းချီးပေးပါစေ’ ဟူသော စာသားဖြင့် သူတို့၏ နှုတ်ခမ်းထောင့်မှာ စီးကရက်ကိုခဲ၍ သီချင်းဆိုကြခြင်း ဖြစ်သည်။

55 ၅၅။ လမ်းမပေါ်သွားလာကြပါတယ်။ ခရီးဝေးလမ်းမပေါ် စီးနင်းခြင်းပုံစံမျိုးဖြင့် နောက်ပြန်သွားကြပါသည်...ကျွန်ုပ်တို့ ရေတွက်

ခဲ့ကြပါသည်။...ကျွန်တော်သင့်ကို တစုံတခုပြောလိုပါသည်။ အမျိုးသမီးယာဉ်မောင်းများ...နားထောင်ပါ။ ဘေလီပေါ နှင့် ကျွန်တော်ပြီးခဲ့သော အစည်းအဝေးပွဲတွင် နိုင်ငံတဝန်း (ခြောက်လပတ်လုံး) အတူတကွရှိနေခဲ့ကြပါတယ်။ လမ်းပေါ်မှာ လမ်းစည်းကမ်း မည်မျှလောက် ထိန်းသိမ်းသည်ကို ကျွန်တော်ရေတွက်ထားပါသည်။ လမ်းပေါ်မှာ မတော်တဆအခါ သုံးရာ ဖြစ်ပေါ်ခဲ့ပါသည်။ ယူဆရသလောက် အမျိုးသမီးယာဉ်မောင်းတွေ ဘယ်နခါလောက် ရင်ဆိုင်ဖြစ်ပျက်ပါမည်နည်း။ အမျိုးသား ဆယ့်ကိုးယောက်လောက်တောင် ရှိမှာမဟုတ်ပါဘူး။ အယောက် နှစ်ရာရှစ်ဆယ် ရှိပါသည်။ ဒါမှမဟုတ် အမျိုးသမီးယာဉ် မောင်း နှစ်ရာရှစ်ဆယ်ရှိမည်ဟု ကျွန်တော်ယုံကြည်ပါသည်။ အမျိုးသမီးယာဉ်မောင်းများ ဖြစ်သည်။

ယခု ကျွန်တော်က အမျိုးသမီးယာဉ်မောင်းများ မကောင်းဘူးလို့ ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် သူတို့ဟာ ဘယ်လိုနည်းနဲ့မဆို တွေ့ကြပါသည်။ သူမကို သင်ကြိုးစား၍ အနောက်မှာထားပေးပါ။ သူမဟာ ကြည့်ကောင်းတဲ့ပုံစံမျိုး ဖြစ်ပါတယ်။ အဲဒီမှာ ရပ်နေစေပါ။ အဲဒီလိုရဲ့တယောက်ရောက်လာသောအခါ ဆံပင်တွေတောင်သွားအောင် တွန်းပစ်လိုက်ပါ။ 'အဘယ်ကြောင့် နည်း' သူက 'သင်ဟာ လုံးဝမှားယွင်းနေပါသည်' ဟုပြောပါမည်။ ကျွန်ုပ်တို့ ဥပဒေမဲ့ခြင်းကို လုပ်ဆောင်မည် မဟုတ်ပါ။ ကျွန်တော် လာစဉ် တောက်လျှောက် အခြားနေ့တွေဟာ အငှားယာဉ်မောင်းဝတ်စုံဖြင့် ထိုကိစ္စကို သူတို့သက်သေထူခဲ့ပြီး ဖြစ်သည်။ ဥပဒေမဲ့ခြင်းကို ကျွန်ုပ်တို့အခွင့်မပေးနိုင်ပါ။ တကယ်လို့ ထိုအရာသည်...

56 ၅၆။ ကြီးမြတ်သော အင်္ဂလန်၏ အရှင်သခင်သည် အံ့သြစရာမဟုတ်ပေ။ 'ဒီမိုကရေစီစနစ်သည် ရွက်လွင့်ခြင်းဖြစ်၍ ကျောက်ချခြင်း မဟုတ်ပေ။' အဲဒါအမှန်ပဲ ဖြစ်တယ်။ ရွေးကောက်ပွဲဆိုသော ဆပ်ပြာဖုံးပေါ်တွင် မတ်တပ်ရပ်နေခြင်း ဖြစ်သည်။ ဒီမိုကရေစီ စနစ်၏ ဆိုးကျိုးမှာ တရားဝင်ထုတ်ပြန်ကြေငြာ၍ စည်းကမ်းသတ်မှတ်ခြင်း ဖြစ်သည်။ ပြီးတော့ အားလုံးနားသွားပါသည်။ အလုံးအပုတ်အပွ ဆိုးကျိုးတွေပဲ ဖြစ်ပါတယ်။ အဲဒါမဟုတ်ပေမယ့်လည်း ဘုရားသခင်အတွက် တစုံတခုတော့ လုပ်ဆောင်ဖို့ရာ ရှိပါတယ်။ အသစ်သောအရာကို အစပြုမည်ဟု ကိုယ်တော်မိန့်တော်မူသကဲ့သို့ အလုံးစုံသော အရာတို့ကို ဖျက်စီးပစ်မည် ဖြစ်သည်။

57 ၅၇။ ယခု သင်လာမည့်လမ်းမှာ မည်မျှလောက်ပိတ်ဆို့နေမည်ကို ကြည့်ပါ။ ယခု အဲဒီအမျိုးသမီးတွေကို ဘုရားသခင် အထောက်အပံ့အနေဖြင့် ဖန်ဆင်းတော်မူစဉ် သူမသည် ယောကျ်ား၏ အထောက်အမ ဖြစ်ခဲ့ပါသည်။

ပြီးတော့...ယခုဤနေရာမှာ ယခုတိုင်တရားဟောဆရာတယောက်ယောက်နှင့် သဘောတူညီမှုရအောင် ဆောင်ရွယ်မှာ မဟုတ်ပါဘူး။ အခြားသော နည်းလမ်းတခုကိုသာ ကြိုးစား၍ သူတို့ဆောင်ရွက်ပါမည်။ သို့သော် ထိုကိစ္စအတွက ကျွန်တော်ကို အာရုံမရစေပါဘူး။ သူတို့ဟာ အာဒံနဲ့ ဧဝ ပန်းသီးစားခြင်းကိုသာ ကြိုးစား၍ ပြောပါမည်။ ညီအစ်ကိုရေ အကယ်၍...ယခု ကျွန်တော်ဟာ ဤသို့သော ဟာသစကားကိုမပြောဘူးဆိုရင် တခုခုအတွက် ထိုအရာကို ကျွန်တော်ပြောလိုပါသည်... ပန်းသီးစားလိုက်ခြင်းဖြင့်မိန်းမသည် သူတို့အဝတ်အချည်းဆီးရှိသည်ကို သဘောပေါက်သွားပါမည်။ ကျွန်ုပ်တို့တစ်ဖန် ပန်းသီးအ ကြောင်း ပိုကောင်းအောင် ဖြတ်ကျော်ကြပါမည်။ အဲဒါအမှန်ပဲဆိုတာ သင်သိပါတယ်။

ပန်းသီးစားတာ သင်သိပါတယ် သူတို့လုပ်သလိုမျိုး မဟုတ်ပါ။ သူတို့ကို အဝတ်ချည်းစီးရှိကြောင်း သဘောပေါက် နားလည် စေပါသည်။ အသေအချာပဲ ဖြစ်တယ်။ အဲဒါထိုမျိုးမဟုတ်ခဲ့ပါ။ ထိုကိစ္စက လိင်ဆက်ဆံမှုကို တောက်လျှောက် ဖြစ်ပေါ်စေပါ သည်။ 'အဲဒီလိုဖြစ်ရသော အကြောင်းရင်းမှာ သူတို့မစားကောင်းသော အသီးကို စားသုံး၍ အဝတ်ချည်းစီးရှိခြင်းကို နားလည် သဘောပေါက်လာသောကြောင့် ဖြစ်သည်။'

သစ်ပင်ကအသီးကို မိန်းမက မစားခဲ့ဖူးလား။ သင်ဟာ အသီးစားသော မိန်းမမျိုးရိုးမဟုတ်ဘူးလား။ အဲဒါကတော့ မစားကောင်း သောအသီးကို ခူးဆွတ်ယူငင်ခြင်းပင် ဖြစ်သည်။

58 ၅၈။ ယခု ဤနေရာမှာ ကြီးစွာသောအရာ ဖြစ်ပျက်နေပါသည်။ လူက ဘယ်လိုဖြစ်လာသလဲဆိုတာ သိဖို့ရာ သိပ္ပံပညာက လွန်စွာနီးကပ်လာပြီ ဖြစ်သည်....သူတို့အရိုးတွေကို ထူးထုတ်ကြတယ်။ ရုပ်ကြွင်းတွေကို ဖေါ်ထုတ်ကြတယ်။ ခေါင်းတွေကို ယူလာတယ်။ လက်မောင်းတွေ အရိုးတွေကနေ လူဖြစ်လာဖို့ ကြိုးစားကြပါတယ်။ လူဖြစ်လာသောအရာကို သူတို့ရှာဖွေ မှုပြုတ်ိုင်း အနီးဆုံးသော ဖြစ်နိုင်ချေကို သူတို့သိခဲ့ကြပါတယ်...နောက်တော့ ချန်ပန်စီပဲ ဖြစ်ပါတယ်။ လူသားမျိုးစေ့နှင့် အနီးစပ်ဆုံးခေတ် မျိုးနွယ်မျိုးစေ့ ဖြစ်သည်။ သို့သော် ဤသို့ ဖြစ်သည့်တိုင် လူနှင့်တဲ့သော မျိုးစေ့တစုံတရာကိုမှ ရှာတွေ့ခြင်း မရှိခဲ့ပါ။

အမြင့်ဆုံးပဲ ဖြစ်တယ်။ အဆင့် အနိမ့်ဆုံးသတ္တဝါမှာ ဖားဖြစ်တယ်။ အမြင့်ဆုံး သတ္တဝါက လူသားဖြစ်တယ်။ ဘုရားသခင်သည် အောက်ခြေမှစ၍ သူ၏ပုံသဏ္ဍာန်တော်နှင့် အညီလူကို အမှန်ဖန်ဆင်းခဲ့သည်။ ငှက်နှင့် သားရဲထံမှ ထိုအရာကို ဆောင်ယူကာ ထိုနောက်တွင် ဘုရားသခင်သည် သူ၏ပုံသဏ္ဍာန်တောညီသောအရာကို ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ ကိုယ်တော်သည် လူ၌သူ၏ပုံသဏ္ဍာန်ကို တည်စေပါသည်။ အမြင့်ဆုံးသော သတ္တဝါပုံစံဖြစ်သည်။ အဆုံးအနိမ့်ဆုံး ပိုလီဝုစ်ဆိုသောသတ္တဝါမှ ဖားဖြစ်သွားခဲ့ပါတော့သည်။

59 ၅၉။ ယခု သူတို့ဟာ ကွင်းဆက်ပျက်နေတဲ့အရာကို ရှာလို့မတွေ့နိုင်ပါ...ယခု သမ္မာကျမ်းစာကို ကြည့်ပါမည်။ သင် ဤအရာကို သင်သဘောမတူပါဘူး။ များစွာသောသင်တို့သည် ဤအရာကို သဘောတူမှာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန် တော်လိုချင်တာကတော့ သင်စိတ်ပါဝင်စားခြင်းရှိဖို့ပဲ ဖြစ်ပါတယ်။ အဲဒီကိစ္စကို ဆန့်ကျင်သော မလိုမုန်းထားမှာ မရှိပါစေနှင့်။ နားထောင်ပါ။ များစွာသောသင်တို့သည် ဒေါက်တာဒီဟာအန်ကို နားထောင်မှုပြုမည်ဖြစ်ကြောင်း ကျွန်တော်သိပါတယ်။ ကျွန်တော်လည်း သေချာပါတယ်။ လူပီသသော ထူးချွန်သည့် အရေအသွေးရှိသူ ဖြစ်တယ်။ နှစ်ခြင်းညီအစ်ကို ကောင်းတ ယောက်လည်း ဖြစ်ပါတယ်။...

ကျွန်တော်သူကို အသေအချာ ချီးကျူးမိပါတယ်။ သူဟာ အသိဥာဏ်ပညာပိုင်းဆိုင်ရာတွင် အလွန်ဦးနှောက်ကောင်းသူ ဖြစ်ပါ သည်။ ကျွန်တော်သိထားတာတွေ အများကြီးမေ့သွားခဲ့ပါပြီ။ အဘယ်ကြောင့်ဆိုသော် သူဟာ ဘုရားသခင်နှင့်ဆ်ိုင်သော ပါရဂူတယောက်ပဲ

ဖြစ်လို့ဖြစ်ပါတယ်။ သူကဆရာဝန်လည်း ဟုတ်တယ် သိပ္ပံပညာရှင်လည်းဟုတ်ပါတယ်။ သူဟာ အရမ်းတော်တဲ့လူဖြစ်ပါတယ်။ သို့သော် အဲဒီကိစ္စတွေအကြောင်း သူပြောခဲ့ပါသည်။ ဘုရားသခင်၏ သားယောက်ျားများသည် ဖြူစင်လှပသော ထိုလူများ၏သမီးမိန်းခလေးများကို မြင်သောအခါ ဂျိုးစဖီ၏ရပ်တည်မှုကို သူယူငင်လိုက်ပါတော့သည်။ ဆိုလို သည်မှာ လူ၏အသွေးအသား၌ သူတို့ကိုယ်တိုင် နှိမ့်ချပစ်လိုက်ခြင်း ဖြစ်ပါသည်။ သူတို့တွေ မိန်းမယူပါတယ်။ နော်(တ်)မြေနေရာ၌ လူဘီးလူးကြီးတွေ ရှိခဲ့ကြပါသည်။ သူတို့ကိုယ်တိုင်က မိန်းမတွေနဲ့ ထိမ်းမြားလက်ထပ်ကြပါသည်။ သူတို့ဇနီးတွေနဲ့ နေထိုင်ကြပါသည်။ အဲဒီအချိန်က ဘုရားသခင်၏ သားယောက်ျားတို့သည် ကျလာတဲ့ကောင်းကင်တမန်တွေကို သိမ်းပိုက်ကြ ပါသည်။ အဲဒီလူတွေမျာ သမီးမိန်းခလေးတွေ မွေးလာကြပါတယ်။ လိင်အလိုဆန္ဒသည် အလွန်ကြီးသောကြောင့် တရားပင် တည်း၊ သူတို့သည် အပြစ်ပြုသောအရာ၌ ကျဆုံးနေကျဆဲပင် ဖြစ်သည်။ သူတို့ကိုယ်သူတို့ အသွေးအသားဆန္ဒ၌ နှစ်မွန်းနေ စေပါသည်။

အကယ်၍ အဲဒီလိုတွေ သူတို့လုပ်နေမယ်ဆိုပါက ဘုရားသခင်၏ အနာရောဂါငြိမ်းခြင်းကို ပျက်စီးသွားစေပြီး အရာအား လုံးလည်း ပျက်စီးသွားမှာပဲ ဖြစ်ပါတယ်။ မကောင်းမှုကို ဖန်ဆင်းခြင်းဖြင့် သူဟာ ဘုရားနှင့်တန်းတူ ဖြစ်သွားပါတော့သည်။ မကောင်းမှုက ဖန်ဆင်းခြင်းကို မဆောင်ရွက်နိုင်ပါ။ မကောင်းမှုကို ဖန်တီးသော နေရာတခုကို ကျွန်တော် သင်အားပြလိုပါ သည်။ ကိုယ်တော် အဲဒီလို မလုပ်နိုင်ပါ။ ကိုယ်တော်သည် ထိုအရာနှင့် ပြောင်းပြန်ကျသော အရာကိုသာ ဖန်ဆင်းတော် မူပါသည်။ ကိုယ်တော်က ဖန်ဆင်းသူမဟုတ်တော့ပါ။ ကိုယ်တော်သည် ပြောင်းပြန်လှန်လိုက်သူတယောက် ဖြစ်သွားပါတော့ သည်။

60 ၆၀။ ကောင်းပြီ။ အဲဒါပြီးရင် ဘာဖြစ်လာမလဲ? ဘာလဲ ဤနေရာမှာရှိတာကတော့ ကျွန်တော်နည်း ကျွန်တော်ဟန်ပါပဲ။ ဒီအရာကတော့ ပျောက်ဆုံးနေတဲ့ ကွင်းဆက်ပဲ ဖြစ်ပါတယ်။ ယခု သူတို့ချန်ပန်ဇီကို ရထားပါပြီ။ သို့သော် သင်သည် မိန်းမတယောက်နှင့် ချန်ပန်ဇီကို သားစပ်လို့ရမှာမဟုတ်ပါဘူး။ ကလေးတယောက် မွေးလာမှာမဟုတ်ပါ။ မည်သည့်သတ္တဝါ နှင့်မှ လူကိုမျိုးဖောက်လို့ ရမည်မဟုတ်ပါ။ ရောလို့မရပါဘူး။ သင်ဟာ မည်သည့်တိရိစ္ဆာန်နှင့်မျှ အသွေးကူးပြောင်းမှုလုပ် လို့ရမည် မဟုတ်ပါ။

61 ၆၁။ ကျွန်တော်အာဖရိကမှာ ရှိစဉ်အခါ....အဲဒီလိုနည်းလမ်းမျိုးတွေနဲ့ သူတို့ဟာ ဆင်းရဲနွမ်းပါးတဲ့ လူမည်းတွေကို ကျဲသ မှုပြုပါတယ်။ တစုံတယောက် ကျွန်တော်ကို ပြောခဲ့ဖူးပါသည်။ ‘သူတို့က ဘာမှမဟုတ်ပေမယ့် သတ္တဝါတွေပဲလေ။’ ဟုပြောခြင်း ဖြစ်သည်။ ကျွန်တော်က ‘ကျွန်တော်သင်ကို အနူးအညွတ် တောင်းပန်ပါတယ်။ ဟုပြောခဲ့ခြင်း ဖြစ်သည်။ မြောက်များစွာသော လူသားများပဲ ဖြစ်ပါတယ်။ နည်းနည်းပိုကောင်း နိုင်ပါသည်။’ ဟုပြောခဲ့ပါသည်။ ကျွန်တော်ကို သင်အခု ပြောပါ အဲဒီအချိန်က သင်၌ရှိသော အဲဒီလိုသဘောထားမျိုးကို ဖြစ်သည်။ သင်ဟာ တိရိစ္ဆာန်သတ္တဝါဆီသို့ ပြန်ရောက် သွားပါမည်။ ကျွန်တော် ဆိုလိုတာက အဲဒီလူတွေဟာ ‘အဲဒီလူတွေဟာ အမည်းရောင်ဖဲချပ်တချပ်လို့ပဲ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် အဝါရောင်ရွှေဖရုံသီးလို လူတွေဖြစ်ပါမည်။ ဒါမှမဟုတ်ရင် အပြာရောင် အင်ဒီဂိုလိုဖြစ်ပါမည်။’ အသွေးကူး ပြောင်းခြင်း (သွေးလျှုခြင်း)ဆိုသော သင်အား အသွေးပေးခြင်းဖြင့် သင့်အသက်ကို ကယ်တင်မှုပြုကောင်းပြုနိုင်ပါသည်။ ‘ သို့သော် သင့်ကိုယ်၌ မည်သို့သော် တိစ္ဆာန်၏ အသွေးကိုမှ သွင်းလို့ရမည် မဟုတ်ပါ။ သေချာတာကတော့ သူဟာ လူဖြစ်လို့ပဲ ဖြစ်ပါမည်။

62 ၆၂။ အဘယ်ကြောင့်ဆိုသော အချို့သောသူများ၏ အသားအရောင်မှာ မည်းပါသည်။ ညိုပါမည်။ ဝါပါမည် တချို့ကလည်း ဖြူပါမည်။ ထိုသို့သောအရာ၌ မည်သို့သောအရာကိုမျှ ပြုပြင်နိုင်မည်မဟုတ်ပါ။ သမ္မာကျမ်းစာမိန့်တော်မူသည်မှာ 'လူသားအားလုံး ကို ဘုရားသခင်၏ အသွေးတော်ဖြင့်သာ ဖန်ဆင်းတော်မူသည်။' ဆိုသောအရာပင် ဖြစ်သည်။ ထိုကိစ္စသည် လုံးဝဥဿုံ မှန်ကန်သော အကြောင်းပင်တည်း။

ကျွန်ုပ်တို့နေရာဌာနအလိုက် ကျွန်ုပ်တို့၏ အသားအရောင်ပြောင်းလဲမှုရှိပါသည်။ အဲဒါကို ဘာမှလုပ်လို့မရပါ။ ဘုရားသခင် သည် တစုံတခုကို ဖန်ဆင်းတော်မူ၏။ နိုင်ငံတကာ၌ လူတယောက် အသွေးတမျိုး ရှိကြပါမည်။ နိုင်ငံအားလုံးတူညီကြ ပါသည်။ တရုတ်လူမျိုးတို့သည် ယခုလူမည်းအမျိုးသားတို့ ဘာမှမပြောနိုင်ကြတော့ပြီ...လူမည်းများမပြောနိုင်တော့ပါ။ ‘ယခု ထိုအရာမှာ ထိုအရာမှာ တရုတ်လူမျိုးတို့ ဖြစ်ပါသည်။ သူတို့က လူဝါများဖြစ်ကြပါသည်။ အဲဒီလိုမျိုး သူတို့၌ ဖြစ်နေသော ကိစ္စကို ဘာမှသွား လုပ်လို့မရပါ။’ သူတို့ဟာ သင်၏ညီအစ်ကိုများပင် ဖြစ်သည်။ သင်တို့လူဖြူတွေအနေဖြင့် လူဝါ လူမည်း ဘယ်လိုမျိုးပဲဖြစ်ဖြစ် သတ်မှတ်ပြောဆိုနိုင်မည် မဟုတ်ပါ။ ‘သင်၌ ဖြစ်သောအရာကို ကျွန်တော်ဘယ်လိုမှ လုပ်ပေးလို့မရပါ။’ သူတို့ဟာ သင်၏ ညီအစ်ကိုများပင် ဖြစ်ပါသည်။ လုံးဝမှန်ကန်သောအရာပင် ဖြစ်သည်။

63 ၆၃။ သတိပြုပါ။ ယခု ဒီနေရာမှာ ဘာဖြစ်လာမလဲဆိုသောအရာပင် ဖြစ်သည်။ ကျွန်တော်ယုံကြည်တာကတော့ နှုတ်က ပတ်တော်အားဖြင့် ထိုအရာကို ကျွန်တော်ထောက်ပံ့ပေးနိုင်မည်ဆိုသော ကိစ္စပင်ဖြစ်ပါသည်။ အဲဒါကတော့ မြွေလုပ်သလိုပဲ ဖြစ်ပါတယ်။ မြွေဆိုသောအရာသည် ချန်ပန်စီနှင့် လူအကြားပျောက်ဆုံးနေသော သတ္တဝါပင်ဖြစ်သည်။ အကြောင်းမှာ နားထောင်ပါ ယခု ဤအရာကို သတိပြုပါ မြွေဟာတွားသွားသတ္တဝါမဟုတ်ခဲ့ပါ။ သူဟာ သားရဲလောကမှာ အကောက်ကျစ် ဆုံးသတ္တဝါ ဖြစ်ပါသည်။

ယခု ကျွန်တော်အလိုရှိသည်မှာ ယနေ့ နေရာတိုင်းမှာ တွေ့ရတဲ့ဤစကားလုံးအကြောင်းကို အဓိပ္ပာယ်ဖွင့်ဆိုဖို့အတွက်ပဲ ဖြစ်ပါတယ်။ အဲဒီစကားလုံးအကြောင်းကို အဓိပ္ပာယ်အနေဖြင့် တော်၍၊ (ဉာဏ်နီဉာဏ်နက်မျက်ရည်) လည်ခြင်း။ ပင်ဖြစ် သည်။ အကောင်းဆုံး အနက်ဖွင့်ဆိုမှုအနေဖြင့် ဟေဗြဲဘာသာစကားတွင် မ-ဟ-ရ ဟုဆိုထားပါသည်၊ အဓိပ္ပါယ်အနေဖြင့် ‘အသက်၏နိယာမ သဘောတရားကို စစ်မှန်သော ဉာဏ်ပညာဖြင့် သိရှိပိုင်ဆိုင်ခြင်း။’ ဟုဆိုလိုပါသည်။

64 ၆၄။ ယခု၊ မိနစ်ပိုင်းအတွင်း ကြည့်ကြပါမည်။ သူက တော်လှပေသည်၊ ထက်မြတ်၍ လည်လွန်းလှပါပေသည်။ အဲဒီအ ကောင်ကို မြွေဟုခေါ်ပါမည်။ သိုသော် သတိထားရမည်မှာ၊ သူသည် အတော်ဆုံးအလည်ဆုံး သတ္တဝါဖြစ်သည်ဆိုခြင်းကို ဖြစ်ပါသည်။ မည်သို့သော သတ္တဝါလောကမျိုးမှာမဆို လူနှင့် အတူဆုံး သတ္တဝါဖြစ်ပါသည်။ လူနှင့်အနီးစပ်ဆုံး သတ္တဝါ ဖြစ်ပါသည်။ သူဟာ တွားသွား သတ္တဝါ

မဟုတ်ခဲ့ပါဘူး။ တွားသွား သတ္တဝါအဖြစ် ကျိန်ဆိုခြင်းကို ခံခဲ့ရခြင်းဖြစ်ပါသည်။ သူဟာဆိုရင် ....ကျမ်းစာက သူကို အလှပဆုံးသော သတ္တဝါဟု မိန့်ဆိုထားပါသည်။

ကျိန်ဆိုခြင်း ခံရသည့်တိုင် သူ၏လှပသော အသွေးအရောင်သည် အဝေးသို့ ရောက်မသွားခဲ့ပါ၊ မြွေ၏ အသွေးအရောင်းသည် ထင်း၍ တောက်ပနေဆဲဖြစ်သည်၊ သူ၏ကျေးဇူးခံရသော အရာနှင့် လိမ္မာပါနပ်မှုသည်၊ ကျိန်ခြင်းခံရသည့်တိုင် ပျောက်ကွယ် မသွားခဲ့ပါ။ သို့သော် သင်သတိထားရမည်မှာ ၊ ဘုရားသခင်သည် သူ၏ ခြေထောက်တို့ကို ကွယ်ပျောက်စေခဲ့သည်ဆိုခြင်း ဖြစ်ပါသည်။ သူ၏ဗိုက်နှင့် တွားသွားခဲ့ရပါသည်။ မြွေ၌ လူလိုမျိုး အရိုးတချောင်းကိုမှ ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်ပါ၊ အဲဒါက တော့ သိပ္ပံပညာ၏ ပျောက်ဆုံးနေသော အကြောင်းပြချက်ပေတည်း။ ဒါပင်မဲ့ သူမှာရှိပါတယ်၊

65 ၆၅။ ဘုရားသခင်သည် ဆင်ခြင်တွေးခေါ်နိုင်သော ဉာဏ်မျက်စိတို့ကို ကွယ်ထားခြင်းဖြစ်သည်။ နောက်ဆုံးသော နေ့ရက် ကာလ၌ ဘုရားသားသမီးတို့ကို ထိုကိစ္စနှင့် ပတ်သတ်၍ ဖော်ပြတော်မူမည်ဟု ကတိထားတော် မူခဲ့ပါသည်။ ဘုရားသခင်၏ သားသမီးတို့ုိကို ထိုကိစ္စအတွက် ထင်ရှားစွာ ပြတော်မူမည်ဖြစ်သည်။ ဤလောကသို့ ခြေမချခင်ကတည်းက ဘုရားသခင်နှင့် အတူ သူ၏သားသမီးတို့သည် ဝမ်းမြောက်ခြင်းရှိသည် ဆိုသောအရာပင် ဖြစ်သည်။ ဘုရားသခင်၏ ဦးဆောင်မှုဖြင့်ကြီး မြတ်သော ဖွင့်လှစ်မှုကိုပြုမည့် အချိန်ကာလ ရှိလာပါမည်။ အကြောင်းအရာတို့ကို နောက်ဆုံးသော နေရက်သို့ ဆောင်ယူ သွားပြီးဖြစ်သည်။ ကိုယ်တော်သည် သူ၏သားသမီးတို့ကို ထိုကိစ္စနှင့် ပတ်သက်၍ ထင်ရှားစွာ ဖော်ပြမှုပြုမည်ဖြစ်သည်။ သမ္မာကျမ်းစာက ထိုအရာကို သင်ကြားမှုပြုကြောင်း သင်သိပါသည်။ ကျွန်ုပ်တို့ ဒီနေရာမှာ ရှိနေကြပါသည်။

ဤအရာ၏ အကြောင်းပြချက်အနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဤကိစ္စကို ဖွင့်ပြတော်မူမည်ဖြစ်သည်။ ဘုရား သခင်သည် သူ၏ သားသမီးများကို ထင်ရှားစွာပြတော်မူရာ အရပ်စီသို့ ခေါ်ဆောင်သွားပါမည်။ မည်သည့်လူသားမှ သိနိုင် မည် မဟုတ်သော ကန့်သတ်ချက်၏ နောက်ကွယ်သို့ ကိုယ်တော် ခေါ်သွားပါမည် ၊ ဝိညာဉ်ရေးရာ ဖွင့်လှစ်ပြသမှု ရှိရာသို့ ရောက်နိုင်မည့် လမ်းကြောင်း ဖြစ်ပါသည်။ အဲဒီဟာကို ယူချလာပါမည်။ ဤကျမ်းစာထဲမှ သင်ယူခဲ့ရသော အရာများပါမည် မဟုတ်ပါ။ ဤနေရာ၌ ဉာဏ်ပညာရှိသော သူကို တည်စေပါမည်။ အချို့သော ဆွေးနွေးပွဲများ၌ သူသင်ယူခဲရသော အရာများ မဟုတ်ပါ၊ သို့သော် ဘုရားသခင် မဆောင်ရွက်ခင်ကတည်းက သူ၏ ဗူးပေါ်တွင် သူသင်ကြားနိုင်ခဲ့သောအရာများဖြစ်ပါသည်။ ဘုရားသခင် သူကို မည်သို့ကျေးဇူးပြုပါမည်နည်း။ ဘုရားသခင်၏ သားသမီးတို့ကို ထင်ရှားစွာပြတော်မူပါမည်။

66 ၆၆။ ဒီမှာမြွေရှိပါသည်၊ ယခု ဒီနေရာမှာ မြွေရှိနေခြင်းဖြစ်ပါသည်။ ကျွန်တော် သူကို ဖော်ပြသည့် အရာကို သင့်အား ပေးပါမည်။ ကျွန်ုပ်တို့မှာ ရှိပါတယ်.... အဲဒီကလာတဲ့ဖားမှ ကျွန်ုပ်တို့ ဆင်းသက်လာပါသည်။ ပိုလီဝက်မှ ဆင်းသတ် လာပါသည် ၊ အဲဒီကလာတယ် ၊ ပြီးတော့ ၊ ဒါကြောင့် သင်ဟာ နောက်ဆုံးမှာတော့ မျောက်ကနေ ဆင်းသတ်လာခြင်း ဖြစ် သွားပါတော့သည်။ ချန်ပန်ဇီမှလေ၊ ချန်ပန်ဇီမှ ကျွန်ုပ်တို့ခုန်ထွက်လာပြီး ၊ လူသားသည် ချန်ပန်ဇီမှ ဆင်းသတ်လာခြင်း ဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတာ ကျွန်တော် အံ့သြမိပါသည်။ ‘ကောင်းပြီ ၊ သိပ္ပံပညာကပြောပါသည်၊ ’ ယခု စောင့်နေပါ သည်၊ ကျွန်ုပ်တို့ လူမိန်းမနှင့် မျောက်ကို မျိုးစပ်ကြပါမည်။ - အဲဒီလို လုပ်မယ်မဟုတ်လား အပြန်အလှန်ပဲဖြစ်သည်။ လူတစ်ယောက်ကို ချန်ပန်ဇီနှင့် မျိုးစပ်မှု ပြုပါမည်။ ‘ အဲဒါအလုပ်မဟုတ်ပါဘူး။ ဘယ်တိရိစ္ဆာန်မဆို မျိုးစပ်လို့ ရပါသည်။ အလုပ်မဟုတ်ပါဘူး သွေးကတော့ ရောလို့မရပါဘူး။ သူတို့ရဲ့ အသွေးကိုယူပါ ၊ ကွဲပြားသော သွေးတွေကို အတူတကွ ထားပါမည်။ ထိုနေရာ အချို့သွေးများကြားတွင် ၊ တိရိစ္ဆာန်ကို သူတို့ ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်ပါ၊ အို ၊ ဟာလေလုယာ၊ ယခု ကျွန်တော် အမှန်တကယ် ဘာသာတရားဆိုသော အရာကို ခံစားလာရပါပြီ။

67 ၆၇။ သတိပြုပါ ၊ အဘယ်ကြောင့်နည်း ၊ ဘုရားသခင် သူတိုပကို ဖုံးကွယ်ထားခဲ့ပါသည် ၊ မြွေမှာ လူလိုမျိုး အရိုးရှိမနေ ပါဘူး။ အလွန်တော်သော လူများ ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်သည့် အဝေးတနေရာတခါင် ကိုယ်တော်သည် ထိုအရာကို ထားရှိတော်မူပါသည်။ အရမ်းတော်တဲ့ ထိုသူတွေရောက်လာကြမည် အဲဒီနေရာကို ကျွန်တော် အင်အားပြပါမည် ၊ အဲဒီနေရာ မှာသူ ”- ဘယ်လိုမျှ အဲ့ဒီမှာ သူရှိမနေပါဘူး ၊ သိမြင်ပါသလား ။ ထိုအရာမှ သူထွက်လာနိုင်မည် မဟုတ်ပါ၊ ဖွင့်လှစ်မှုပြုခြင်း ဖြင့်သာ ထွက်လာနိုင်ပါမည်။ ‘ကိုယ်တော်သည် ခရစ်တော်ဆိုသော ၊ ဘုရားသားတော် ဖြစ်ပါသည် ”- ဤကျောက်ပေါ်မှာ ငါ၏ အသင်းတော် ကို တည်ဆောက်မည် ၊ ငရဲတံခါးသည် ထိုအရာကို ဆန့်ကျင်ဘတ် ပြုသောအရာ၌ မအောင်မြင်နိုင်ရာ ’ ဟု ဝိညာဉ် သဘောတရားဆိုင်ရာ ရှင်းလင်း ဖွင့်ဆိုမှုပြုခဲ့ပါသည်။

မည်သို့ဆောင်ရွက်ခဲ့သလဲဆိုရင် ...အာဗေလသည် ကာဣနလို့ လယ်မှထွက်သော သီးနှံကို ပူဇော်ရမည့်အစား၊ သိုးသငယ် ဖြင့် ယဇ်ပူဇော်ရမည်ကို မည်သို့ သိရှိခဲ့ပါသနည်း ဝိညာဉ်ရေးရာအရ သူတို့ ဖွင့်ပြတော်မူခြင်းဖြစ်သည်။ သင် အဲဒါကို ဟောပြောပွဲ တက်လို့ မရနိုင်ပါ ။ ဂိုဏ်းဂဏနောက်လိုက်လို့ အဲဒါကို မရနိုင်ပါဘူး။ အဲဒါကို ကောင်းကင် ကပဲရနိုင်ပါသည်။

68 ၆၈။ ယခု ၊ မြွေကိုကြည့်ကြပါမည်။ ဤမြွေသည် ကနဦးအစကတည်းက ရှိခဲ့ပါသည်။ ယခုသူပုံကို ဆွဲကြည့်ကြပါစို့။ သူဟာ ကြီးကျယ်ခမ်းနားတဲ့ အပေါင်းအဖော် တစ်တယောက်ပဲဖြစ်ပါတယ်။ သူဟာ ချန်ပန်ဇီနှင့် လူကြားက သတ္တဝါပဲဖြစ်ပါ တယ်။ မြွေပဲဖြစ်တယ် ၊ မကောင်းပါဘူး လုစီဖာပဲဖြစ်တယ်။ အဲဒါကတော့ လူ၏အသွေးနှင့် ရောနှောမှုပြုမည့် တခုတည်း သော အသွေးဖြစ်သည် ဆိုခြင်းကို သိရပါမည်။ တယောက်သောသူသည် ထိုအရာနှင့်အတူ အပေးအယူပြုနိုင်ခဲ့ပါမည် ....သူကတော့ ချန်ပန်ဇီနှင့် အပေးအယူလုပ်လို့ရမည် မဟုတ်ပါ။ အသွေးကို ရောနှောမှုမပြုနိုင်ပါ။ ခြားနားသောအရာနှင့် သူအပေး အယူ လုပ်လို့မရပါ။ သူသည် သိုးနှင့်အပေးအယူ မပြုနိုင်ပါ။ သူသည် မြင်းနှင့် အပေးအယူလုပ်လို့မရပါ။ မည်သည့် တိရစ္ဆာန်နှင့် အမျှ အပေး အယူလုပ်လို့ ရနိုင်မည်မဟုတ်ပါ။ သူဟာ ဤမြွေနှင့် သာအပေးအယူ လုပ်ခဲ့ခြင်းဖြစ်သည်။ ယခု သူအကြောင်း သွားကြပါမည်။ သူတွေ့သလိုမြင်ပါ၊ ခမ်းနားကြီးကျယ်သော အပေါင်းအဖော်ပင်တည်း ၊ ကြိုတင် သမိုင်းပေးခံရ သော သူရဲကောင်းကြီး ပေတည်း။ အဲဒါဘယ်နေရာမှာ ရှိသလဲဆိုရင်၊ သူတို့ရှာဖွေတွေ့ရှိခဲ့တဲ့ ဤအရိုးကြီးများမှာပဲရှိပါတယ်။ သမ္မာကျမ်းစာ ထဲမှာရှိတဲ့ ဤအရာကို ကျွန်တော် သင်အားပြပါမည် ၊ ယခုနောက်တွင်၊ သေသေချာချာ

ကြည့်ရှုရပါမည်၊ အမှန်ပဲဖြစ်တယ် ၊ ကြီးမြတ်သော အပေါင်းအသင်းဖြစ်တယ်။ သူကိုဆိုကြပါစို့ - သူမှာ ရှည်လျားတဲ့ ခြေထောက် (၁၀)ချောင်းရှိပါသည်။ ကြီးမားတဲ့ ပခုံးကျယ်ကြီးပါပါမယ် ၊ လူနှင့် ကြည့်ရတာတူပါသည်။ သူသွေးဟာ စီးဆင်းလာပြီးနောက်၊ တိရိစ္ဆာန် တစ်ကောင်မှ အခြား တကောင်ဆီသို့ တသားတည်း ရောနှောသွားနိုင်ပါသည်။

69 ၆၉။ တိရိစ္ဆာန်တွေကို သင်ဟာ ဖြတ်ကျော်သွားနိုင်ပါသည် ၊ သူတို့ဟာ မြင့်သထက်မြင်သော သွေးမျိုးကို ရရှိသို့လျောင် ထားကြပါသည်၊ အသက်နှင့် ဆိုင်သော မြင့်မားသည့် ပုံသဏ္ဍာန်ဖြစ်သည်။ ခပ်မြင့်မြင့် ပုံစံမျိုး ဖြစ်သည်။ လူတို့အုပ်ချုပ်သော နိုင်ငံ ဖြစ်တည်မှုတိုင်အောင် မြင့်တက်ခဲ့ပါသည်။ သို့သော် နောက်ဆုံးဆက်သွယ်ထားသည့် နေရာမှာ ဒီနေရာနှင့် ဖြတ်ထားသော ဒီနေရာပင်ဖြစ်သည်။ ပျောက်ဆုံးနေသောကွင်းဆက်ကို သိပ္ပံပညာက မည်မျှလောက် ရှာဖွေတွေ့ရှိနိုင်ခဲ့ပါ သနည်း။ သင်တို့ အားလုံး ထိုကိစ္စကို သိပါတယ် ၊ အဘယ်ကြောင့်နည်း။ ဤနေရာမှာ သူရှိလို့ပဲဖြစ်၊ မြွေပါပဲ။

ဤနေရာမှာ သူဟာကြီးမြတ်သော အပေါင်းအဖော်တယောက် အနေဖြင့် ရှိခြင်းနေခြင်းဖြစ်ပါသည်။ မကောင်းမှုတွေ ကြရောက်လာပါမည်။ ယခု ၊ သူပြောတာက၊ ' ငါဟာ ဉာဏ်ကောင်းစေနိုင်တယ်။ ' ဆိုခြင်းဖြစ်သည် ၊ ယခု ၊ သင်ဟာ အမျိုးသမီး တစ်ယောက်၏ လုပ်ရှားမှုမှန်သမျှကို သွားကြည့်လိုက်ပါမည်။ ထိုအရာသည် သင်၌မကောင်းသောအရာ တံဆိပ်နှိပ်ခြင်း ဖြစ်သည်ကို အမှတ်ရရမည်ဖြစ်ပါသည်။ အကယ်၍ သင့်ဇနီးမယား မဟုတ်ဘူးဆိုရင်ပေါ့လေ။ သတိရှိပါ ။ ယခု ၊ မကောင်းဆိုးဝါး တွေ ရောက်လာပါပြီ ၊ မြွေ၌ ဝင်ပူးနေပါပြီ ၊ ဧဒင်ဥယျာဉ်ထဲက ကိုယ်တုံးလုံးချွတ်နေသော ဧဝကို သူမြင်ခဲ့ရပါသည်။ သူက ဥယျာဉ်အလယ်တည့်တည့်က အသီးအကြောင်း ပြောပါတော့သည် ၊ 'မစ်' ဆိုတဲ့အဓိပ္ပာယ်ကတော့ 'အလယ်တည့်တည့်' ဟုအဓိပ္ပာယ်ရပါသည်။ ရှေ့ဆက်ပါမည်။ စုရုံး၍ ရောနှောမှုပြုကြောင်းကို သင် နားလည်သဘောပေါက် ပါသည်။ အဲဒီနောက်သူက ပြောပါသည်။ 'အခု၊ သိပ်လှတာပဲနော် ၊ မျက်စိပဒေသ ရှိလိုက်ပါဘိ ၊' ဟူ၍ဖြစ်သည်။

70 ၇၀။ သူဘာလုပ်ပါသနည်း ။ သူ ဧဝကို စတင်၍ချစ်ကြိုက်ပါတော့သည်။ သူဟာ ဧဝ၏ ခင်ပွန်းအနေဖြင့် နေထိုင်မှုပြုပါ တော့သည်။ ဧဝမြင်ရသလောက် အဲဒီအသီးက အတော်ကြည့်လို့ကောင်းနေခဲ့ပါမည်၊ ဒါကြောင့် သူမသွားပြီး ၊ သူမခင်ပွန်းကို ပြောပါသည်။ သို့သော် သူမမှာ စာတန်၏ရင်သွေးရှိနှင့်နေပြီဖြစ်သည်။ သူမ ပထမဆုံး မွေးဖွားသည့် သားယောက်ျား၏နာ မည်မှာ ကာဣန ဖြစ်ပါသည်။ စာတန်၏ သားဟု အမည်ရပါသည်။ ယခု ၊ သင်က 'မှားသည်' ဟုပြောပါသည်။အဲဒါအမှန် ပါပဲ ၊ ယခုပင် ကျွန်တော်တို့ ဘယ်နေရာမှာမှားနေလဲ ၊ ဘယ်နေရာမှာ မမှားဘူးလည်းဆိုတာ ရှာကြပါမည်။ 'သင်တို့၏ မျိုးစေ့နှင့် စာတန်၏ မျိုးစေ့အကြား ကျွန်တော် မလိုမုန်းထားစိတ်ကို ထားရှိစေပါမည်။ ' ဘာဖြစ်ပါသလဲ။ စာတန်၏မျိုးစေ့ပဲ ဖြစ်ပါတယ်။ သူမမှာ မျိုးစေ့ရှိတယ် ၊ သူမှာလည်း မျိုးစေ့ရှိပါတယ်။ ' သင်၏ဦးခေါင်းကို သူကထိခိုက် ပွန်းပဲ့စေပါမည် ၊ သင်ကလည်း သူ၏ ခြေဖနောင့်ကို ဒဏ်ရာရစေပါမည်။ ' ထိခိုက်နာကျင်စေခြင်း ၊ ဆိုသောအဓိပ္ပာယ်မှာ ' 'အပြစ်ပြေရာ ပြေကြောင်းအတွက်ပင် ' ဖြစ်ပါသည်။ ယခု ၊ သင်၏မျိုးစေ့မှာ မြွေ၏မျိုးစေ့ဖြစ်ပါသည်။ ယခု ၊ သတိပြုရမည်မှာ ၊ ဤနေရာက နေ လူနှစ်ယောက် ထွက်သွားခြင်းဖြစ်သည်။

ယခု ၊ ဤမြွေဟာ ၊ အဲဒီနေရာမှာ ရှိနေခဲ့စဉ်က ... အဲဒီနေရာမှာတုန်းက ဤသို့ ခမ်းနားကြီးကျယ်သော သူရဲကောင်း အပေါင်း အဖော်တယောက်အနေဖြင့် တည်ရှိနေခဲ့ခြင်းဖြစ်ပါသည်။ သူဟာ အာဒံ၏ မိန်းမနှင့်အတူ အပြစ်ရှိသော လင်ငယ်နေခြင်းကို အခွင့်ပေးခဲ့သည်။ ယနေ့ အပြစ်က မည်သို့သောနေရာ၌ ရှိနေပါသလဲ။ ယနေ့ ဘယ်လိုလမ်းကြောင်းကို သူတို့ဖောက်လုပ် နေကြပါသနည်း ။(ယခု၊ ကျွန်တော် " ကျွန်တော် ...ကျွန်တော် ပြောခဲ့တဲ့အကြောင်းအရာတွေကို သင်ဖမ်းထားနိုင်မည် ဆိုခြင်းမှာ သေချာလှပါသည်။)

71 ၇၁။ အဲဒီမှာ သူရှိခဲ့ပါတယ်။ သူလုပ်ဆောင်စဉ်က ၊ ဘုရားသခင် မိန့်တော်မူသည်မှာ ၊ အာဒံနှင့် ဧဝကို စ၍ခေါ်လိုက်ပါ သည်။ သူက ' ကျွန်တော် ကိုယ်တုံးလုံးဖြစ်နေပါသည်။ ' ဟုပြောပါသည်။

ဘုရားသခင်က ' သင်ကို ဘယ်သူက ကိုယ်တုံးလုံးလို့ ပြောလဲ။ ' ပြီးတော့ သူတို့စပါတော့သည်၊ စစ်တပ်ပုံစံမျိုးလေးနှင့် လေ၊ ခပ်ဆတ်ဆတ်လေး ဖြတ်ပြေးပါတော့သည်။

